ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (16-1-2005) (၄၄၈၀)

အရေးတကြီးဖြည့်ဆည်းပေးကြရမည့် အမျိုးသားရေးတာဝန်

ယနေ့အချိန်အခါကဲ့သို့ ပညာရေးကဏ္ဍက ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးပိုင်းဖြတ်နေသည့် ခေတ်ကာလတွင် နိုင်ငံတော် တည်ဆောက်ကာကွယ်ရေးအတွက် ပဓာနကျသည့် အမျိုးသားစွမ်းအားများ အသီးသီးအသက ပြည့်ပြည့်ဝဝဖြစ်ထွန်းလာစေရအောင် စနစ်တကျ ဖြည့်ဆည်းပေးရေးသည် ပညာရေးကဏ္ဍက အရေးတကြီးဖြည့်ဆည်းပေးကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်။

အမျိုးသားပညာရေးမြှင့်တင်မှုအစီအမံများ အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများပေါ်ထွန်း ကျောင်းသားများ ပညာကိုလိုလားမှု၊ နည်းပညာသစ်များရှာဖွေလေ့လာမှု အလွန်အားကောင်းနေ လွတ်လပ်မှုလွန်ကဲပြီး ဟိုရိုသြတ္တပ္ပကင်းမဲ့သောအမူအကျင့် အတွေးအခေါ်များကိုရှောင်ရှား တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်

ရန်ကုန်   ဇန်နဝါရီ   ၁၅

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ
The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်မြင့်မားစေရန် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများသည် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

ခေါင်းကြီး (စာမျက်နှာ–၂)

နိုင်ငံတစ်နိုင်ငံကို တိုးတက်ဖို့ တည်ဆောက်တဲ့နေရာမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုဖြစ်တယ်ဆိုတာ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းမှာ သာဓကတွေ အထင်အရှားပဲ မဟုတ်လား။ ဟိန်းမြင့်၏ **"အငြိမ်းစားတို့ စကားဝိုင်း(၃)"**

ဆောင်းပါး (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၆–၁–၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး ရောဂါများတားဆီးကာကွယ်ရေးသုတေသနပြု

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ သို့မှသာ ပြည်သူအားလုံး ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို စိတ်ချမ်းသာကိုယ်ကျန်းမာစွာ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားရေးနှင့် ဆေးပညာရပ်ဆိုင်ရာ အရည်အသွေး တိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ တိုးတက်မြင့်မားစေရန် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများသည် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၄ ရက်နေ့က ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က **အသစ်ပေါ်ပေါက်လာသည့် ကူးစက်မြန်ရောဂါများကို တစ်ဖက်တွင် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနေကြရသကဲ့သို့ တစ်ဖက်တွင်လည်း ဤရောဂါများနှင့် နီးနွယ်ဆက်စပ်သည့်ဓာတ်ခွဲခန်း အခြေပြုသုတေသနများကို လုပ်ဆောင်ကြရင်း ကြိုတင်ပြင်ဆင်မှုများ အသင့်ရှိနေကြရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ရောဂါများကို တားဆီးကာကွယ်ရေးအတွက် အထောက်အကူပြု သုတေသနများ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆေးသုတေသနဦးစီးဌာနများကိုဖွဲ့စည်း၍ သုတေသနလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ အထူးသဖြင့် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့နှင့်စပ်လျဉ်း၍ ထက်မြက်ထိရောက်သည့် ကုထုံးများ၊ ဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အဖြစ်များသည့် အဆိုပါ ရောဂါခြောက်မျိုးနှင့် စပ်လျဉ်း၍ ကာကွယ်ကုသနိုင်မည့်ဆေးဝါးများ သုတေသနပြုဖော်ထုတ်ရာတွင် တိုင်းရင်းဆေးသုတေသနနှင့် ဆက်စပ်လုပ်ဆောင်လျက်ရှိသည်။ တိုင်းရင်းဆေးသုတေသနကို ဆေးသုတေသနဦးစီးဌာနများနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့သာမက သင်ကြားရေးဆေးရုံကြီးများမှ သမားတော်ကြီးများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် အသစ်ပေါ်ပေါက်လာသော ကူးစက်မြန်ရောဂါများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အဆိုပါရောဂါမျိုး ဖြစ်ပွားခြင်းမရှိသေးသော်လည်း ကူးလူးဆက်ဆံသွားလာမှု မြန်ဆန်လျက်ရှိသော အခြေအနေအချိန်အခါမျိုးတွင် ဓာတ်ခွဲခန်းများနှင့် ဓာတ်ခွဲခန်းပညာရှင်များက ပိုမိုသတိရှိစွာ စောင့်ကြပ်ကြည့်ရှုကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအပိုင်းကလည်း ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုတွင် မိမိတို့ကိုယ်တိုင် တာဝန်ရှိကြောင်း သိမြင်ခံယူကြပြီး ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အချင်းချင်းလက်ဆင့်ကမ်း ပူးပေါင်းပါဝင်ကြရန် လိုအပ်သည်။

ယင်းကဲ့သို့သော လူထုပါဝင်မှုအခြေပြု သုတေသနအမျိုးအစားများကို ရပ်ကွက်၊ ကျေးရွာအခြေစိုက်စခန်းများအထိ လွှမ်းခြုံသက်ရောက်မှု ရှိစေရေးအတွက် ဒေသတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဖော်ဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ရည်မှန်းချက်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိရာတွင် ရောဂါများကြိုတင်တားဆီး ကာကွယ်နိုင်ရေးအတွက် အထောက်အကူပြု သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညစာစားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညစာစားပွဲ ဖျော်ဖြေရေး ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညစာစားပွဲ ဖျော်ဖြေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဆပ်ကော်မတီဝင်များ၊ ဂီတအနုပညာရှင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးညစာစားပွဲ ဖျော်ဖြေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ညစာစားပွဲ ဖျော်ဖြေရေး ဆပ်ကော်မတီ အတွင်းရေးမှူး၊ အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ဆပ်ကော်မတီ ဖွဲ့စည်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ညစာစားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီများက ဆပ်ကော်မတီများ အလိုက် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် အလှူဒါနပြု

ရန်ကုန် ဇန်နဝါရီ ၁၅

မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာတွင် ဖွင့်လှစ်ထားသော မြန်မာပြည်ချစ်ခြင်းမေတ္တာလူငယ် ဖွံ့ဖြိုးရေးဂေဟာရှိ မိဘမဲ့ကလေးများအား BLAZON ကုန်တိုက်မှ ဇန်နဝါရီ ၁၃ ရက်တွင် ငွေကျပ်သိန်းနှစ်ဆယ်ဖိုးရှိ စားသောက်ဖွယ်ရာ ပစ္စည်းများ၊ အဝတ်အထည်များနှင့် ကျောင်းသုံးစာရေးကိရိယာများကို စတုတ္ထအကြိမ် လှူဒါန်းကြောင်း သိရသည်။

မိဘမဲ့ ကလေးများအား စေတနာရှင်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း လှူဒါန်းလိုပါက ဖုန်း–၆၂၀၃၉၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အီလက်ထရောနစ် အစိုးရလုပ်ငန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

အီလက်ထရောနစ် အစိုးရလုပ်ငန်းများ သင်တန်း (e-Government Workshop Training Course) (အချိန်ပိုင်း)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Taskforce) မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲ၌ မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အီလက်ထရောနစ် အစိုးရလုပ်ငန်းများသင်တန်းမှာ ရက်သတ္တ ခြောက်ပတ်ကြာ အချိန်ပိုင်း သင်တန်းဖြစ်ပြီး ဝန်ကြီးဌာန ၃၂ခုမှ အရာရှိ သင်တန်းသား ၆၂ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆွမ်းသိမ်းအောင်ပွဲနှင့် ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၄/က ရပ်ကွက် ပန်းရိုက်လမ်း သာသနာ့ရက္ခိတဆွမ်းလောင်းအသင်း၏ ဆွမ်းသိမ်းအောင်ပွဲအကြိုဓမ္မသဘင်တွင် ဇန်နဝါရီ ၁၆ ရက်၌ ဖြူးဆရာတော်၏ တပည့်မြိုင်ဆရာတော် ဦးပညာဇောတ၊ ၁၇ရက်တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဦးကောဝိဒ၊ ၁၈ရက်တွင် ဘဒ္ဒန္တနရပတိ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဗဟို ဦးစီးကော်မတီ အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဗုဒ္ဓစက်တော်ရာတန်ဆောင်း၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုသည်။

တက်ရောက်

အခမ်းအနားသို့ စေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ စေတီတော်ပုံစံရေးဆွဲထုတ်လုပ်ရေး ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြံပေးအရာရှိ ဦးအောင်ဆန်း၊ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်ရေးဗဟို ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုစေတီတော် တတိယအကြိမ် ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို ခေါ်ယူရခြင်းသည် စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံသည့် လုပ်ငန်းများပြီးသလောက် ဖြစ်နေသည့်အခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝင်ငွေ၊ ထွက်ငွေစာရင်းနှင့် စေတီတော်ကြီး၏ ဝင်ငွေ၊ ထွက်ငွေစာရင်းများကို ရှင်းလင်းသိရှိနိုင်ရန် ခေါ်ယူသည့် အစည်းအဝေးဖြစ်ကြောင်း၊ စေတီတော်ကြီး ဘက်စုံပြုပြင်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ သာသနိက အဆောက်အအုံများ ယခင်ကထက် ပိုမိုသပ္ပာယ်လာကြောင်းကို ဘုရားဖူးပြည်သူများထံမှ ကြားသိရ၍ ဝမ်းမြောက်ကြည်နူးရကြောင်း၊ ရွှေဘုန်းပွင့်စေတီတော်ကြီးသည် မြို့နယ်ဂုဏ်ဆောင် သမိုင်းဝင်စေတီတော်ဖြစ်၍ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူအားလုံးက စေတီတော်ကြီး ကြည်ညို သပ္ပာယ်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ စေတီတော်ကြီး၏ အလှူငွေမှာ လစဉ် တိုးတက်ရရှိသဖြင့် စာရင်းဇယားဖြင့် စနစ်တကျ ထိန်းသိမ်းကြစေလိုကြောင်း၊ သို့မှသာ စေတီတော်ကြီးအတွက် လိုအပ်သည့်နေရာတွင် သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ဝင်ငွေ၊ ထွက်ငွေ စာရင်းများကိုလည်း စာရင်းကိုင်များနှင့် လစဉ် ပုံမှန် စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ပုံစံရေးဆွဲ ထုတ်လုပ်ရေး ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြံပေးအရာရှိ ဦးအောင်ဆန်းက ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများ တတိယအကြိမ် ဘက်စုံ ပြန်လည်ပြင်ဆင် မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဝင်ငွေ၊ ထွက်ငွေစာရင်းကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ပေးအပ်

ယင်းနောက် အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်း အမှတ်(၂၇)နေ ဒေါ်သန်းကြည် သား၊ သမီး၊ မြေး၊ မြစ်တစ်စုက ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းပြီး စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဂေါပက အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် စေတီတော် ပရိဝုဏ်အတွင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှု ကြည်ညိုကြပြီး ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ သာသနိက အဆောက်အအုံများကို ပိုမိုကြည်ညို သပ္ပာယ်အောင် ဆေးသုတ်မွမ်းမံခြင်းများ ပြုလုပ်သွားရန် မှာကြားသည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသ အေးချမ်းသာယာမှု တည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးမှတ်စု လက်မှတ်ရေးထိုးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် နယ်စပ်ဒေသ အေးချမ်းသာယာမှု တည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးမှတ်စု လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel, Ball Room (3) **အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

လက်မှတ်ရေးထိုး

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စား ဧည့်သည်တော် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji က လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့် သံရုံးအရာရှိများ၊ တရုတ်ဧည့်သည် ကိုယ်စားလှယ်များ စုစုပေါင်း ၆၀ တက်ရောက်ကြသည်။ အဆိုပါ အစည်းအဝေးမှတ်စုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့အကြား နယ်စပ်ဒေသအေးချမ်းသာယာမှု တည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို နှစ်နိုင်ငံ အရှိန်အဟုန်မြှင့် ပူးပေါင်းတိုက်ဖျက်ရေးကိစ္စရပ်များ ပါဝင်သည်။

ချစ်ကြည်ရေးခရီးစဉ်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji ခေါင်းဆောင်သော တရုတ်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ပုဂံ–ညောင်ဦးနှင့် မန္တလေးမြို့များသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ကြသည်။

တည်ခင်းဧည့်ခံ

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji နှင့် အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ယနေ့ညတွင် မြတ်သန္တာစားသောက်ဆိုင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မေတ္တာတန်ခိုး

✧ ဆူနာမီ ဒီရေလှိုင်း
ရိုင်းစိုင်းလိုက်တာ
အသက်တွေ သိန်းကျော်ဆုံး
မျက်ရည်လုံး လှိုင်းထက်သာ။

✧ ဒို့နိုင်ငံ ဒို့မြန်မာ
အံ့စရာ လွတ်ကာသွား။
ဘယ်သူတွေ ဘယ်လိုဆဲပေမယ့်
ဘယ်သူတွေ ဘယ်လိုခွဲပေမယ့်
တွဲလက်ညီ ပြည်သူများရဲ့
မေတ္တာတရား။ ။

မျိုးသာခင်

အမျိုးသားစာပေဆုရ စာရေးဆရာများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာများ ဖြစ်ကြသော မြင်းမူမောင်နိုင်မိုး (ကလေးစာပေဆု)၊ ကြူကြူသင်း (ပြဇာတ်စာပေဆု)၊ စလင်းဘုန်းကျော် (ကဗျာဆု) တို့အား ထပ်ဆင့်ဂုဏ်ပြုပွဲ တစ်ရပ်ကို အလုံမြို့နယ် ခန်းမ၌ ဇန်နဝါရီ ၉ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာရေးဆရာ၊ စာရေးဆရာမကြီးများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦးနှင့် စာရေးဆရာ ကဗျာဆရာ သူရဇော်တို့က ဂုဏ်ပြုချီးကျူးစကားပြောကြားကြပြီး ခင်မင်ရင်းနှီးသူ စာရေးဆရာများက ဆုရသူများအား ဂုဏ်ပြုလက်ဆောင် များပေးအပ်ကြသည်။ ထို့နောက် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး စာရေးဆရာ၊ စာရေးဆရာမများ ဦးစီးသော နိုင်ငံ့ဂုဏ်ရည် တေးဂီတအဖွဲ့က စန္ဒရား မောင်ခင်လှ၊ စန္ဒရား ဘသန်းတင်တို့နှင့် တွဲဖက်ကာ မြန်မာမှု တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

(က–ပ)

ဂျာမနီနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်မောင်ရှိန်နှင့် ဇနီး ဒေါ်သန္တာဆွေတို့က ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ကျပ်ရှစ်သိန်း ငါးသောင်းတန်ဖိုးရှိ ဆေးဝါးများကို ဇန်နဝါရီ ၁၀ရက်က လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစား သံအမတ်ကြီး) လက်ခံယူစဉ်။ (က–ပ)

ကြားဖြတ် အစိုးရလက်ထက်

အီရတ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်စဉ်များ ပိုမိုများပြားလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့များနှင့် ဘဂ္ဂဒက်မြို့တော်တစ်ဝန်းတွင် ကားဗုံးပေါက်ကွဲမှုများ နေ့စဉ်နေ့တိုင်းနီးပါး မြည်ဟည်းလျက်ရှိပြီး လူသေဆုံးမှုများဖြစ်ပွားကာ ဆီချေးစော်နံသည့် မီးခိုးများဖြင့် တလိပ်လိပ်တက်နေလျက်ရှိသည် ထိုဖြစ်ရပ်များသည် တွန်းလှန်တိုက်ခိုက်ရေးသမားများက နေရာတိုင်းလောက်နီးပါး တိုက်ခိုက်နိုင်သည်ဟု လူများက ထင်မြင်နိုင်စေရန် သတိပေးနေသကဲ့သို့ရှိနေသည်။

အသေခံ ဗုံးပေါက်ခွဲရေးသမားများ အသုံးပြုနေကျဖြစ်သည့် ဖောက်ခွဲစရာ ပစ္စည်းများ အပြည့်အသိပ် တင်ထားသော မော်တော်ယာဉ်များသည် တွန်းလှန် တိုက်ခိုက်ရေးသမားများ အားကိုးရာသေစေနိုင်သည့် လက်နက် အမျိုးအစားတစ်ခုအဖြစ် ရောက်ရှိနေသည်။ အီရတ် ကြားဖြတ်အစိုးရသည် ဇွန် ၂၈ ရက်က အာဏာရရှိပြီးခဲ့သည့်နောက် ဗုံးပေါက်ကွဲမှု ၁၈၁ ကြိမ်ထက် မနည်းဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာန၏ စာရင်းထုတ်ပြန်မှုအရ သိရသည်။ ယင်းစာရင်းအရ ပထမပိုင်းကာလတွင် ဗုံးပေါက်ကွဲမှု အနည်းငယ်မျှသာရှိခဲ့သော်လည်း မကြာမီလများအတွင်း တစ်နေ့လျှင် တစ်ကြိမ်သို့တည်းမဟုတ် တစ်ကြိမ်မက ပေါက်ကွဲသည်အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် အီရတ်နှင့်အမေရိကန် နှစ်ဦးနှစ်ဖက်စလုံးမှ လူ ၁၀၀၀ ခန့် သေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာ ယင်းထက် နှစ်ဆခန့်ရှိသည်။ ဗုံးပေါက်ကွဲမှု ၆၈ မှုသည် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပြီး ကျန်ဖောက်ခွဲမှုများမှာ အခြားသောနည်းများဖြင့် ဖောက်ခွဲမှုများဖြစ်သည်။ အများဆုံးသော တိုက်ခိုက်မှုတွင် မော်တော်ယာဉ်အား အသုံးပြုပြီး ထရပ်မော်တော်ယာဉ်၊ မော်တော်ဆိုက်ကယ်များကိုလည်းအသုံးပြုဟု အေပီသတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇွန်လမတိုင်မီက ကားဗုံးဖောက်ခွဲမှုကို စိတ်ခတ်ရေးရာ လှုပ်ရှားမှုအရသာ ပြုလုပ်ပြီး လူတိုင်းလုံခြုံမှုမရှိဟုသိစေရန်သာ ပြုလုပ်ခြင်းဖြစ်သည်။ ယင်းဗုံးများအသုံးပြု၍ အီရတ်ခေါင်းဆောင်များအား သတ်ဖြတ်၊ တပ်ဖွဲ့ဝင်များနှင့် ရဲမော်တော်ယာဉ်တန်းများအား တိုက်ခိုက်၊ အမေရိကန် သံချပ်ကာကား ယာဉ်များအား ထိုးဖောက်ဖျက်ဆီးရန်သာဖြစ်ပြီး တိုက်ခိုက်မှုများ ဖြစ်ပွားစေရန်သာ ဖြစ်သည်။

အိမ်လုပ်ဗုံးဟု သိရှိနေကြသည့် လမ်းဘေးထောင်ဗုံးများသည် ယနေ့ထက်တိုင် တွန်းလှန်တိုက်ခိုက်ရေးသမားများ၏ စိတ်ကြိုက် လက်နက်ဖြစ်နေပြီး ကားဗုံးများသည်လည်း ပိုမိုအင်အားပြင်းထန်လာကာ လူသေဆုံးမှုများလာခဲ့သည်ဟု အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ပြောက်ကျားများက ဇန်နဝါရီ ၃၀ ရက်မတိုင်မီ အမေရိကန်တပ်ဖွဲ့များအား ပစ်မှတ်ထားကာ အီရတ် ပြည်သူလူထုအား ခြိမ်းခြောက်ရန်အတွက် သေစေလောက်သည့် ပေါက်ကွဲစရာပစ္စည်းများကို အသုံးပြုနေကြကြောင်း အမေရိကန်ကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ***အင်တာနက်။***

စပိန်မြောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား ခုနစ်ဦးသေဆုံးကြောင်း ကြေညာ

မဒရစ် ဇန်နဝါရီ ၁၄

စပိန်နိုင်ငံမြောက်ပိုင်း ဘာဂိုမြို့တွင်းရှိ ဂိုဒေါင်တစ်ခု ပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူခုနစ်ဦးသေဆုံးကြောင်း စပိန်အမျိုးသားရေဒီယိုက ကြာသပတေးနေ့တွင် ကြေညာသည်။

ယင်းပေါက်ကွဲမှုမှ လောလောဆယ်တွင် သုံးဦးကို ကယ်ထုတ်နိုင်ပြီး နှစ်ဦးကို ပြန်လည်သတိရအောင် ပြုစုပေးနိုင်သော်လည်း၊ ခုနစ်ဦး သေဆုံးရကြောင်း မြို့တော်ဝန်ဂျူအန်ကာလို့စ်က အသံလွှင့်ကြေညာသည်။

ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုအတွက် စက်ယန္တရားများနှင့် လောင်စာများ သိုလှောင်ထားသည့် ဂိုဒေါင်တွင် ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်ဟုလည်း မြို့တော်ဝန်က ပြောဆိုသည်။

မီးလောင်တတ်သည့်အရည်များထည့်ထားသည့်ဗုံးကို အရက်သမားတစ်ဦးက ကိုင်တွယ်ရာမှ မတော်တဆ ပေါက်ကွဲသွားခြင်းဖြစ်သည်ဟုလည်း ပဏာမသတင်းများအရ သိရသည်။

မဒစ်ရစ်မြို့တော် ဆင်ခြေဖုံးတွင် ဗုဒ္ဓဟူးနေ့ညက အင်အားပြင်းသော ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားစဉ်ကလည်း နှစ်ဦးသေဆုံးပြီး၊ လူ ၂၀ ကျော် ဒဏ်ရာရသွားသည်။ ထိုပေါက်ကွဲမှုမှာ အကြမ်းဖက်သမားများ၏ လက်ချက်မဟုတ်ဘဲ၊ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့်ဖြစ်ကြောင်း အာဏာပိုင်များက ပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ရှိ အမေရိကန် သံချပ်ကာ တပ်ဖွဲ့များကို မိုဆူးလ်မြို့ပြင် တစ်နေရာတွင် ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွား

ဘာကူဘာ(အီရတ်) ဇန်နဝါရီ ၁၄

အီရတ် တွန်းလှန်တိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့၏ ဘရက်ဒလေတိုက်ခိုက်ရေး ယာဉ်တစ်စီးကို တနင်္လာနေ့က လမ်းဘေးဗုံးအသုံးပြု၍ ထပ်မံတိုက်ခိုက်ခဲ့ကြရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်အနောက်တောင်ပိုင်းဒေသမှ ယင်းတိုက်ခိုက်မှုသည် လေးရက်အတွင်း ဒုတိယအကြိမ် တိုက်ခိုက်မှုဖြစ်ပြီး ဘရက်ဒလေသံချပ်ကာယာဉ်သည် ဆိုးဆိုးရွားရွား ပျက်စီးခဲ့သည်။ ဘဂ္ဂဒက် မြောက်ပိုင်းဒေသတွင် ဇန်နဝါရီ ၆ ရက်က တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့သည်။ အကာအကွယ် အလွန်ထူသည့် ဘရက်ဒလေ သံချပ်ကာယာဉ်များသည် အိမ်လုပ်ဗုံး၏ဒဏ်ကို ခံနိုင်ဖွယ် မရှိပေ။

သို့ရာတွင် မကြာမီက သွေးမြေကျ တိုက်ခိုက်မှုများကို သုံးသပ်ခြင်းအားဖြင့် အီရတ်မှ တွန်းလှန်တိုက်ခိုက်ရေးသမားများက ပိုမိုကြီးမားသည့် ဗုံးကို ပြောင်းလဲအသုံးပြုလာခြင်း သို့မဟုတ် ဘရက်ဒလေ သံချပ်ကာယာဉ်အား ဖောက်ထွင်းဖျက်ဆီးနိုင်သော နည်းစနစ်တွေ့ရှိပြီဟု တွေးထင်စရာရှိသည်။

ဘရက်ဒလေ သံချပ်ကာယာဉ်အား တိုက်ခိုက်မှုသည် အီရတ်တွင် ဇန်နဝါရီ ၁၀ ရက်က ဖြစ်ပွားခဲ့သည့် အသေအပျောက်များသည့် ဖြစ်ရပ်များမှ တစ်ခုအပါအဝင်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးပစ်ခတ်မှုကြောင့် အသက်၁၃နှစ်အရွယ် အမျိုးသမီးတစ်ဦး ဘာကူဘာမြို့ရှိ အခြေစိုက်စခန်း၏ အပြင်ဘက်တွင် သေဆုံးခဲ့သည်။ အရပ်သားများ ဆက်တိုက်သေဆုံးမှုများအနက် နောက်ဆုံးသေဆုံးမှုဖြစ်ပြီး ရွေးကောက်ပွဲ မကျင်းပမီ အီရတ်ပြည်သူလူထု၏ အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ပေါ်ပေါက်စေရန် နှိုးဆွပေးနိုင်ဖွယ်ရှိသည်။ အီရတ်အမျိုးသားအစောင့် တပ်ဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မိုဆူးလ်မြို့တွင် ပူးတွဲကင်းလှည့်နေစဉ်အတွင်း လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အစောင့်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးအင်ဒရေဟောင့်စ်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု မရှိဟု ၎င်းက ဆက်လက် ပြောကြားသည်။ ***အင်တာနက်။***

အစ္စရေးသို့လာသည့် ကမ္ဘာလှည့်ခရီးသည်များ အနောက်ဘက်တံတိုင်းသို့ အများဆုံးသွားရောက်

ဂျေရုဆလင် ဇန်နဝါရီ ၁၄

အစ္စရေးနိုင်ငံရှိ အနောက်ဘက်တံတိုင်းသည် ကမ္ဘာလှည့်ခရီးသည် အများဆုံး လာရောက်သည့်နေရာဖြစ်ကြောင်း လေ့လာချက်တစ်ရပ်က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

၂၀၀၄ ခုနှစ် ပထမနှစ်ဝက် ကာလတွင် အစ္စရေးသို့ လာရောက်သော ခရီးသည်များအနက် ၅၃ ရာခိုင်နှုန်းက အနောက်ဘက်တံတိုင်းသို့ သွားရောက်ကြကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကိုယ်စား ပထဝီမြေပုံဌာနက ပြုလုပ်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ခရီးသည်များ ဒုတိယအများဆုံးလာရောက်သည့်နေရာမှာ ဂျေရုဆလင်မြို့ဟောင်းရှိ ရဟူဒီရပ်ကွက်ဖြစ်သည်ဟု သိရသည်။

ခရီးသည်များအနက် ၈၀ ရာခိုင်နှုန်းက အစ္စရေးသို့ လာရောက်သည့် ခရီးစဉ်မှာ အကောင်းဆုံးဖြစ်ကြောင်း ပြောကြားသည်။ ၉၅ ရာခိုင်နှုန်းက ၎င်းတို့၏မိတ်ဆွေများကို အစ္စရေးသို့ သွားရောက် လည်ပတ်ရန် အားပေးတိုက်တွန်းမည်ဟု ပြောကြားသည်။ ၇၃ ရာခိုင်နှုန်းက အစ္စရေးသို့ လာရောက်လည်ပတ်ရန် လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံတွင် စီးကရက်စက်ရုံသစ် တည်ဆောက်မှုကိုတားမြစ်

ပေကျင်း ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံသည် စီးကရက်စက်ရုံများ အသစ်တည်ဆောက်မှုကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ထိုတားမြစ်မှုတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်ကြောင်း တရုတ်နိုင်ငံ၏ ဆေးရွက်ကြီးလုပ်ငန်းများ ထိန်းချုပ်ရေးအဖွဲ့(အက်စ်တီအမ်အေ) က ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ခွင့်ပြုမည်မဟုတ်

တရုတ်နိုင်ငံ ဈေးကွက်တွင်စီးကရက် ထုတ်လုပ်မှုသည် ဝယ်လိုအားထက် ပိုမိုများပြားနေကြောင်း၊ သို့ဖြစ်၍ စီးကရက်စက်ရုံအသစ် တည်ဆောက်မှု ခွင့်ပြုမည်မဟုတ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် အက်စ်တီအမ်အေမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် စီးကရက်စက်ရုံအသစ်တည်ဆောက်ခွင့် မပြုခြင်းသည် ဗြိတိန်၊ အမေရိကန် ဆေးရွက်ကြီးလုပ်ငန်းအတွက် အထူးဆိုးရွားသော သတင်းပင်ဖြစ်သည်ဟု ဖောင်၏ ပြောကြားချက်ကို ကိုးကား၍ တရုတ်ဒေးလီသတင်းဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ဒေသဆိုင်ရာ အစိုးရများကို ဗြိတိသျှအမေရိက တိုဘက်ကိုကုမ္ပဏီက(ဘီအေတီ) ဖက်စပ်လုပ်ကိုင်ရန် စည်းရုံးသွေးဆောင်နေချိန်တွင် ထိုစီးကရက်စက်ရုံ တားမြစ်သော အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံတွင် ပေါင်ငွေ သန်း ၈၀၀ တန်ဖိုးရှိ ဖက်စပ်စီးကရက်စက်ရုံ တည်ဆောက်ရန် သဘောတူညီချက်ရထားပြီဖြစ်ကြောင်း၊ ဘီအေတီအဖွဲ့က ဇွန်လတွင် ကြေညာခဲ့သည်။ သို့သော် အက်စ်တီအမ်အေအဖွဲ့မှ ထိုသဘောတူညီမှုကို အပြင်းအထန် ငြင်းပယ်ထားသည်။

နိုင်ငံခြားကုမ္ပဏီများမှ တရုတ်နိုင်ငံအတွင်း စီးကရက်ဖြန့်ချိမှုကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ထုတ်လုပ်ခွင့်သာ ပြုမည်ဖြစ်ကြောင်း ဖောင်က ထပ်မံပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကျေးလက်ကျန်းမာရေးမြှင့်ရန် ဆရာဝန် ၁၀၀၀၀ စေလွှတ်မည်

ပေကျင်း ဇန်နဝါရီ ၁၄

တရုတ်ပြည်က ကျေးလက်ဒေသ ဆေးဝါးကုသမှုတွင် အကူအညီပေးရန် သုံးနှစ်အတွင်း မြို့ကြီးများမှ ဆရာဝန် ၁၀၀၀၀ ခန့်ကို ကျေးလက်သို့ စေလွှတ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။ ယခုနှစ် ဇွန်လကုန်တွင် ဆရာဝန်များကို စတင်စေလွှတ်မည်။

ဗဟိုအစိုးရနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တို့ ပူးတွဲအကုန်အကျခံသည့် အဆိုပါ ကျန်းမာရေး စီမံကိန်းမှာ ကျေးလက်ဆေးရုံများ၏ ကုသမှုစွမ်းရည် တိုးတက်မြင့်မားရေးနှင့်တကွ လယ်သမားများအား အချိန်မီ ဆေးဝါးကုသစရိတ်နည်းနည်းဖြင့် ဆေးဝါးကုသ၊ ကျန်းမာရေးစောင့်ရှောက်နိုင်ရန် ရည်ရွယ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ငြိမ်းချမ်းရေးအစီအစဉ် အကောင်အထည်ဖော်ရန် ဂျော်ဒန်ဘုရင် တိုက်တွန်းပြောကြား

အမ္မန် ဇန်နဝါရီ ၁၄

ငြိမ်းချမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းသည် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်စေမည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ကြေညာသည်။

အီတလီ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဂီအင်ဖရန်ကိုဖိနီနှင့် တွေ့ဆုံဆွေးနွေးစဉ် ဂျော်ဒန်ဘုရင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အီရတ်နိုင်ငံတွင် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးမှုနှင့် တည်ငြိမ်မှု ပြန်လည်တည်ဆောက်ရေးအတွက် ပါဝင်ကူညီကြရန် နိုင်ငံတကာအသိုင်းအဝန်းအား အဗ္ဗဒူလာက တိုက်တွန်းထားသည်။ ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အခြေအနေကောင်းမွန်လျက်ရှိကြောင်း ဖိနီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒုံးကျည်တစ်လုံးပေါက်ကွဲသဖြင့် ဒဏ်ရာရရှိသွားသည့် ကလေးတစ်ဦးအား ဘာကူဘာမြို့ဆေးရုံသို့တင်ရန် သယ်ဆောင်လာသည်ကို ဇန်နဝါရီ ၁၄ ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် လုံခြုံရေး အထူးအလေးထားကြောင်း စင်ကာပူသမ္မတပြောကြား

စင်ကာပူ ဇန်နဝါရီ ၁၄

စင်ကာပူနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့်စင်ကာပူလုံခြုံရေးကို အထူးအလေးထားကြောင်း နိုင်ငံ၏ သမ္မတအက်စ်၊အာရ်၊နာသန်က ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ပြောကြား

စင်ကာပူနိုင်ငံ၏ ဒသမအကြိမ် ပါလီမန် ဒုတိယအကြိမ် အစည်းအဝေးတွင် စင်ကာပူသမ္မတက နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကိစ္စများနှင့် ပတ်သက်သည်များကို ထည့်သွင်းပြောကြားခဲ့သည်။

အရေးပါ

အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် စင်ကာပူနိုင်ငံတို့၏ ဆက်ဆံရေးကောင်းမွန်ရန်မှာ အလွန်အရေးပါကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအုပ်စုများနှင့် ဆက်ဆံရေးကိုလည်း ကောင်းမွန်အောင် ပျိုးထောင်တည်ဆောက်သွားမည် ဖြစ်ကြောင်း သမ္မတနာသန်က ထည့်သွင်းပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံအတွက် လတ်တလော အန္တရာယ်ရှိနေသော ပြဿနာမှာ နယ်စပ်ဖြတ်ကျော်၍ ကျူးလွန်သည့် အကြမ်းဖက်မှုပြဿနာပင်ဖြစ်ကြောင်း၊ အန္တရာယ်ကြုံလာလျှင် လိုအပ်သလို လျင်မြန်စွာ တုံ့ပြန်နိုင်ရန်အတွက် စင်ကာပူ လက်နက်ကိုင်တပ်ဖွဲ့၏ အင်အားကို ဖြည့်တင်းသွားမည်ဖြစ်ကြောင်း သမ္မတက ဆက်လက်ပြောကြားခဲ့သည်။

ကျင့်သုံး

စင်ကာပူနိုင်ငံသည် ပြည်တွင်းကိစ္စများနှင့် ပတ်သက်လာလျှင် စီးပွားရေးဖွံ့ဖြိုးမှုကိစ္စများမှာ ပထမဦးစားပေးရမည့်ကိစ္စများပင်ဖြစ်သည်။ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင် အကြီးစားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအား အလေးပေးသော မဟာဗျူဟာများကို ဆက်လက် ကျင့်သုံးသွားမည်ဖြစ်သည်။ ထိုသို့ ကျင့်သုံးခြင်းမှာ ပြည်တွင်းဓနအင်အား ဖန်တီးရန်နှင့် အလုပ်အကိုင်များ ဖန်တီးရန်ပင်ဖြစ်သည်ဟု ဆိုသည်။

အားပေး

ထို့အပြင် ပညာရေးနှင့်စင်ကာပူလုပ်သားအင်အားများကို လေ့ကျင့်သင်တန်းပေးရေး ကိစ္စများမှာလည်း အရေးကြီးလှသည်သာမက စင်ကာပူ လွတ်လပ်ရေး ရရှိပြီးနောက် မွေးဖွားလာသော စင်ကာပူမျိုးဆက်သစ်များ မျိုးချစ်စိတ်ဓာတ်ရှိရေးကိုပါ အားပေးသမှုပြုရန်လိုကြောင်း သမ္မတက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဂရောင်ဂျီပြည်နယ် နမ်ရမ်ဒေသရှိ ဟွန်ဒါမော်တော်ကားကုမ္ပဏီ၏ ဓာတ်ဆီနှင့် လျှပ်စစ်စွမ်းအားသုံး မော်တော်ကားမျိုးဆက်သစ်ကို ပညာရှင်တစ်ဦး စမ်းသပ် သုတေသနပြုနေသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်ကာကွယ်ရေးအကြီးအကဲ တောင်ကိုရီးယားသို့ရောက်ရှိ ကာကွယ်ရေးနှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကိစ္စ ဆွေးနွေးမည်

ဆိုးလ် ဇန်နဝါရီ ၁၄

ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ကိုရီးယားကျွန်းဆွယ်ဒေသ၏ နျူကလီးယားဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန်အတွက် ဂျပန်ကာကွယ်ရေးဌာနအကြီးအကဲသည် ဇန်နဝါရီ ၁၂ ရက်က တောင်ကိုရီးယားမြို့တော် ဆိုးလ်သို့ ရောက်ရှိလာသည်။

ဆွေးနွေး

ယခုခရီးစဉ်အတွင်း ဂျပန်ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ရိုရှီနိုရီအိုနိုသည် တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးအကြီးအကဲ ယွန်ကွမ်ယွန်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဇန်နဝါရီ ၁၃ ရက်၌လည်း တောင်နှင့်မြောက်ကိုရီးယားနယ်စပ် အပစ်အခတ်ရပ်စဲရေးဒေသရှိ ပတ်မွန်ဂျုံကျေးရွာသို့ သွားရောက်ကြည့်ရှုမည်ဖြစ်သည်။

တွေ့ဆုံ

ထို့အပြင် ဂျပန်ဧည့်သည်တော် အိုနိုသည် တောင်ကိုရီးယားနိုင်ငံဝန်ကြီးချုပ် လီဟဲချန်နှင့်လည်း သွားရောက်တွေ့ဆုံရန်ရှိကြောင်း ဧည့်သည်တော်ခရီးစဉ်နှင့် သက်ဆိုင်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လှုပ်ရှားမှုများတွင် ပိုမိုပါဝင်နိုင်အောင် ဂျပန်နိုင်ငံက ခွင့်ပြုလာခဲ့သည်။ ထိုအပြောင်းအလဲများကို လွန်ခဲ့သော ဒီဇင်ဘာလမှစ၍ လမ်းညွှန်မှုအဖြစ် လက်ခံခဲ့ခြင်းဖြစ်သည်။ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေး အကြီးအကဲများသည် အဆိုပါကိစ္စများနှင့် ပတ်သက်၍လည်း ဆွေးနွေးကြမည်ဖြစ်သည်။

စီစဉ်ထား

ဖော်ပြပါကိစ္စရပ်ကိုသာမက သက်ဆိုင်ရာ ပုဂ္ဂိုလ်နှစ်ဦးသည် ကိုရီးယားကျွန်းဆွယ်တွင် ကြုံတွေ့နေရသော နျူကလီးယား ပြဿနာနှင့် သက်ဆိုင်သည့် အကြောင်းအရာများကိုလည်း အလေးပေးဆွေးနွေးကြရန် စီစဉ်ထားကြောင်း သိရသည်။

ဂျပန်ကာကွယ်ရေးအကြီးအကဲ အိုနိုသည် ယခုခရီးစဉ်အတွင်း စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံများတို့သို့လည်း သွားရောက်လည်ပတ်ခဲ့ပြီးဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် အိုနို၏ယခု ခရီးစဉ်အတွင်း နောက်ဆုံး ခရီးထောက်ရပ်နားရာနိုင်ငံဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။



တရုတ်နိုင်ငံရုပ်ရှင်လုပ်ငန်းတွင် ပုဂ္ဂလိကနှင့် နိုင်ငံခြားအရင်းအနှီးများ မြှုပ်နှံမည်

ချန်ချွန်း ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းသို့ ၂၀၀၅ ခုနှစ်တွင် ပုဂ္ဂလိကနှင့် နိုင်ငံခြားအရင်းအနှီးများ အများအပြား ဝင်ရောက်လာမည်ဖြစ်ကြောင်း ကျီလင်ပြည်နယ်တွင် ဇန်နဝါရီလ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသော ချန်ချွန်းရုပ်ရှင်ပွဲတော်မှလာသည့် သတင်းများက ဖော်ပြသည်။

ယခုနှစ်အတွင်း ရုပ်ရှင်ထုတ်လုပ်ရာတွင် ရုရှားနှင့်ဩစတြီးယား ရုပ်ရှင်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ချန်ချွန်းရုပ်ရှင် ထုတ်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ရှောင်ဂူအန်းက ပြောကြားသည်။

ယခင်နှစ်ကလည်း တရုတ်နိုင်ငံရုပ်ရှင်လုပ်ငန်းသို့ ပုဂ္ဂလိကနှင့်နိုင်ငံခြားအရင်းအနှီးများ အများအပြား ဝင်ရောက်လာခဲ့သည်။ ပုဂ္ဂလိကနှင့် နိုင်ငံခြားအရင်းအနှီးများ ပါဝင်လာခြင်းသည် တရုတ်နိုင်ငံအတွက် များစွာအကျိုးရှိစေသည်။

၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံတွင် ထုတ်လုပ်သော ရုပ်ရှင်ဇာတ်ကား ၂၁၂ ကားအနက် ၈၀ ရာခိုင်နှုန်းခန့်ကို ပုဂ္ဂလိကသို့မဟုတ် နိုင်ငံခြား ကုမ္ပဏီများက ထုတ်လုပ်ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပေကျင်းမြို့ လမ်းများပေါ်တွင် နှင်းများ ထူထပ်စွာ ကျရောက်လာသဖြင့် ရှင်းလင်းဖယ်ရှားနေရသည်ကို ဇန်နဝါရီလ ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သဘာဝဘေးအန္တရာယ်များအတွက် ကမ္ဘာ့သတိပေးရေးစနစ်လိုအပ် ကျွန်းနိုင်ငံများ၏ အနာဂတ်ရေးဆိုင်ရာ ကုလညီလာခံကျင်းပ

ပို့တ်လူးဝစ္စ ဇန်နဝါရီ ၁၄

သဘာဝဘေးအန္တရာယ်အရပ်ရပ်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကြိုတင်သတိပေးရေး စနစ်တစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတကာက ကြိုးပမ်းဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

မိမိတို့သည် မုန်တိုင်းတိုက်ခတ်မှု၊ ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်မှုနှင့် အခြားသော သဘာဝကပ်ဘေး ဆိုက်ရောက်မှုအမျိုးမျိုးတို့အတွက် ကမ္ဘာ့ကြိုတင်သတိပေးရေး စနစ်တစ်ရပ်ရှိရန် လိုအပ်ကြောင်း အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မောရစ်သျှကျွန်းနိုင်ငံတွင်ပြုလုပ်သော ညီလာခံတစ်ရပ်တွင် ကိုဖီအာနန်က ပြောကြားသည်။

အဆိုပါ ကုလသမဂ္ဂညီလာခံသို့ ကျွန်းနိုင်ငံငယ် ၃၀ ခန့်မှ နိုင်ငံ့အကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၀၀၀ ကျော် တက်ရောက်ကြသည်။

တိုက်တွန်း

ကျွန်းနိုင်ငံငယ်များ၏ အနာဂတ်ဘေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်သော ကုလသမဂ္ဂညီလာခံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးရေးစနစ် တပ်ဆင်ရေးကိစ္စကို ကုလသမဂ္ဂအကြီးအကဲက တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

သဘာဝကပ်ဘေးဆိုက်ရောက်မှုများကြောင့် ကမ္ဘာ့လူသားအမြောက်အမြား သေကျေပျက်စီးရခြင်း မရှိစေရေးအတွက် ကြိုတင်တားဆီးကာကွယ်မှုပြုလုပ်ရန် လိုအပ်ကြောင်း အာနန်က သတိပေးလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အငြိမ်းစားတို့ စကားဝိုင်း(၃)

ဟိန်းမြင့်

မကြာမီက သူငယ်ချင်းတစ်ယောက်၏အိမ်တွင် အရဏ်ဆွမ်းကပ်လှူရာ ကျွန်တော်တို့ မိတ်ဆွေတစ်သိုက်ကို အထူးဖိတ်ကြားထားသည့်အတွက် သွားရမည့်နေရာမှာ အတော်အသင့် လှမ်းသောနေရာဖြစ်သော်လည်း နံနက်ပိုင်း ကျန်းမာရေးအတွက် လမ်းလျှောက်ဖြစ်အောင် ခြေကျင် လျှောက်သွားခဲ့ပါသည်။

ထိုသို့ လမ်းလျှောက်သွားရင်း မကြာမီညက ရုပ်သံသတင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က မသမာသူအဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် အပြစ်မဲ့ ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှုဖြစ်စဉ်နှင့် အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်သဖြင့် မြန်မာနိုင်ငံဒေသအချို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ခြင်းနှင့်ဆက်စပ်ပြီး စဉ်းစားတွေးတောနေမိပါသည်။

အလှူရှင်သူငယ်ချင်း၏ အိမ်သို့အရောက်တွင်မူ မိတ်ဆွေများအားလုံး ရောက်နေကြပြီမို့ ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် စားသောက်ရင်း စကားဝိုင်းဖွဲ့မိကြပြန်ပါသည်။

ဒီနေ့ ကြေးမုံသတင်းစာ မျက်နှာဖုံးမှာ လွတ်လပ်ရေးနေ့ဂုဏ်ပြု အထိမ်းအမှတ်အဖြစ် ဖော်ပြထားတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ အဆိုအမိန့်တစ်ခုမှာ **“လွတ်လပ်ရေး ဆုံးရှုံးခြင်းမှာ ရက်သတ္တပတ်နှစ်ပတ်အတွင်း အရေးနိမ့်သွားရာက စခဲ့သော်လည်း ဆုံးရှုံးသွားသည့် လွတ်လပ်ရေး ပြန်လည်ရရှိဖို့ရာအတွက် အနှစ် ၁၀၀ ကျော် တော်လှန်ခဲ့ရတယ်”** လို့ပါတယ်။

“၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ကလည်း **‘လွတ်လပ်ရေးဆိုတာ အမှုမဲ့အမှတ်မဲ့နေရင် ဖျတ်ခနဲဆိုသလို တိုင်းတစ်ပါးရဲ့ ကျွန်ပြုမှုကိုခံရပြီး ဆုံးရှုံးနိုင်တယ်။ ဒါပေမယ့် ပြန်ရဖို့ ကြိုးစားမယ်ဆိုရင်တော့ အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်ပြီးမှ ပြန်ရတတ်တာမျိုးဖြစ်တယ်’** လို့ပါတယ်လေ။”

“ဒါတွေဟာ သမိုင်းကြောင်းအဖြစ်မှန်ကနေ ဖော်ထုတ်ထားတဲ့ အဆိုအမိန့်တွေဖြစ်လို့ တိုင်းရင်းသားပြည်သူများအားလုံး အစဉ်သတိပြုကြဖို့ လိုတာအမှန်ပဲ။ အထူးသဖြင့် ပြည်ပအားကိုးပုဆိန်ရိုး ကိုယ်ကျိုးကြည့်သမားတွေ၊ နိုင်ငံနဲ့လူမျိုး ကောင်းကျိုးအတွက် လုပ်ဆောင်နေတာပါလို့ နှုတ်ကတဖွဖွ ဆိုနေကြတဲ့ နိုင်ငံရေးပါတီတွေ၊ ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားတွေ အသိတရားနဲ့ ဆင်ခြင်ကြဖို့ လိုပါတယ်”

“ရှေးခေတ်က ကျွန်ပြုတယ်ဆိုတာ နယ်ချဲ့က ကျူးကျော်ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ပြီးမှ ကျွန်ပြုတာ၊ အခု ကမ္ဘာက ဒါကိုလက်သင့်မခံတော့၊ ကြိုးဆွဲသလိုလိုက်ကမယ့် သြဇာခံတပည့်ကို အာဏာရအောင်လုပ်၊ ရုပ်သေးအစိုးရအဖြစ်တင်ပြီး နိုင်ငံကို ကျွန်ပြုတဲ့စနစ်ကို သုံးလာကြတယ်”

“အီရတ်ကထွက်တဲ့ရေနံကို လက်ဝါးကြီးအုပ်လိုချင်တော့ အဖျက်စွမ်းအားကြီး လက်နက်ရှိတယ်လို့ လိမ်ညာစွပ်စွဲအကြောင်းပြ တိုက်ခိုက်ခဲ့ပြီး အခုရုပ်သေးအစိုးရ တက်လာအောင် ကြံဆောင်နေတာ အမြင်ပဲလေ၊ ကြည့်တတ်သူတွေအတွက်တော့ ထင်ထင်ရှားရှားပဲ မြင်နိုင်တယ်”

“အီရတ်က အပြစ်မဲ့ပြည်သူတွေ ဒုက္ခပင်လယ်မှာ နစ်မွန်းနေကြရတာ နေ့စဉ်နဲ့အမျှဆိုတော့ စာနာစရာပဲကွာ၊ စစ်မီးကြားထဲမှာ မလှုပ်သာ၊ မတိမ်းသာ၊ မရှောင်သာနဲ့ ကလေးလူကြီးပါမကျန် ဒုက္ခကြုံနေကြရတာ ဒါကို တို့ပြည်သူတွေ သတိပြု သင်ခန်းစာ ယူကြရမယ်လေ”

“တို့နိုင်ငံအပေါ်လည်း အကြောင်းအမျိုးမျိုးပြ၊ လုပ်ကြံဝါဒဖြန့်စွပ်စွဲ၊ အဖျက်သမားတွေကို ကူညီပံ့ပိုး မြှောက်ပေး၊ စီးပွားရေးပိတ်ပင်မှုတွေလုပ်နဲ့ တစ်ဖက်သတ်ထင်သလို ကြံနေတာပဲလေ။ အမှန်ကတော့ သြဇာခံတပည့် လုပ်မယ့်သူ အာဏာရဖို့၊ ရုပ်သေးအစိုးရတင်ပြီး သူ့နိုင်ငံအကျိုးအတွက် အမြတ်ထုတ်ဖို့ပဲလေ”

“ဒါကို ကိုယ်ကျိုးရှာသူတွေ၊ လူမျိုးရေးအမြင် ကျဉ်းမြောင်းသူတွေ၊ အာဏာရူးနေသူတွေက နိုင်ငံအကျိုးမကြည့်ဘဲ တပည့်ခံ၊ အကူအညီတောင်း၊ နိုင်ငံတော်နဲ့ပြည်သူတွေ အကျပ်အတည်းနဲ့ ဆင်းရဲဒုက္ခတွေ့ကြုံရအောင် နိုင်ငံတကာက ခရီးသွားတွေ မလာကြပါနဲ့၊ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြပါနဲ့၊ အကူအညီတွေ မပေးကြပါနဲ့၊ စီးပွားရေးကို ပိတ်ဆို့ကြပါ စတဲ့တောင်းဆိုမှုတွေလုပ်နဲ့၊ သူတို့ကို မြန်မာပါလို့တောင် ယုံရမှာ ခပ်ခက်ခက်ပဲဟ”

“ပြောတော့ ပြည်သူ့အကျိုးတဲ့၊ လုပ်နေတာကတော့ ပြည်သူတွေ ဒုက္ခမရောက် ရောက်အောင် ကြံစည်လုပ်ဆောင်နေကြတာတွေလေ၊ ပြည်သူတွေ အကျပ်အတည်းဖြစ်ကြမှ နိုင်ငံတော်အစိုးရ ဘေးကျပ်နံကျပ်တွေ့မယ်ပေါ့ကွာ၊ ရွှေဉာဏ်တော်ကတော့ တကယ်စူးရောက်လို့ အောချလောက်ပါပေတယ်”

“နိုင်ငံတော်ကောင်းဖို့၊ သူတို့အဆို ဒီမိုကရေစီရဖို့ နိုင်ငံရေးလုပ်နေတာဆိုပဲ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်နေရင်၊ ပြည်သူတွေ ချမ်းသာနေရင် သူတို့တွက် နေရာမရနိုင်တော့မှာမို့ သူတို့လုပ်ရပ်အားလုံးက နိုင်ငံတော် မဖွံ့ဖြိုးမတိုးတက်ဖို့၊ ပြည်သူတွေ ဒုက္ခဆင်းရဲမှာ နွံနစ်နေဖို့ကိုပဲ တစိုက်မတ်မတ် ပြောဆိုလုပ်ကိုင်နေကြတာပဲ တွေ့မြင်နေရတယ်”

“တကယ်တမ်း နိုင်ငံကိုချစ်တဲ့၊ လူမျိုးကိုချစ်တဲ့ နိုင်ငံရေးသမားကောင်းဆိုရင်၊ နိုင်ငံအကျိုး ပြည်သူလူထု အကျိုးအတွက်ဆိုရင် မတားဆီးမပိတ်ပင်ဘဲနဲ့ သူတို့ကိုယ်တိုင်ကတောင် ရအောင်ပြောဆိုလုပ်ကိုင်ပေးသင့်တာပေါ့၊ အစိုးရကို မကြိုက်ရင် မကြိုက်သလို ပြောပေါ့ကွာ၊ ထောက်ပြပေါ့ကွာ၊ ဝေဖန်ပေါ့ကွာ၊ ဘာလို့ နိုင်ငံနဲ့ပြည်သူ့အကျိုးစီးပွားကို ပိတ်ပင်တားဆီးရမှာလဲ”

“နိုင်ငံရေးကို ဗန်းပြလုပ်ကိုင် စားသောက်နေကြပေမယ့် တကယ်တော့ မြန်မာလူမျိုးတွေရဲ့ စိတ်ရင်းအမှန်ကိုတောင် မသိတာ၊ နိုင်ငံကို ဘယ်လိုခေါင်းဆောင်မလဲဟ၊ မြန်မာလူမျိုးဆိုတာ ကျေးဇူးပြန်ဆပ်ရမှာ ဝန်မလေးသူတွေ၊ ကိုယ့်အပေါ်ကောင်းတဲ့သူတွေကို နှစ်ဆပြန်ကောင်းတတ်တယ်ဆိုတာ သိဖို့တော့ ကောင်းပါတယ်”

“နိုင်ငံရေးကို တကယ်တမ်း စေတနာထား လုပ်တတ်သူတွေဆိုရင် နိုင်ငံအကျိုးအတွက် ဦးတည်ပြောဆိုလုပ်ကိုင်ပေးကြမယ်၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးလာစေဖို့၊သာယာဝပြောလာစေဖို့ အလေးထားလုပ်ပေးကြမယ်ဆိုရင် ပြည်သူတွေက ခေါင်းဆောင်အဖြစ် မလွဲမသွေ ဝိုင်းဝန်းထောက်ခံပြီး ချစ်ခင်လေးစားကြမယ်ဆိုတာ သံသယရှိစရာမလိုပါဘူးကွာ”

“ပိုပြီးဆိုးတာကတော့ မကြာမီက ရုပ်သံနဲ့ သတင်းစာမှာ ထုတ်လွှင့်ဖော်ပြခဲ့တဲ့ သတင်းစာရှင်းလင်းပွဲသတင်းမှာပါတဲ့ အပြစ်မဲ့ပြည်သူတွေကို သေဆုံး၊ ဒဏ်ရာရအောင် ဗုံးဖောက်ခွဲလုပ်ကြံမှုတွေပဲဟ”

“နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရန်နဲ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေ ပျက်ပြားစေရန်ရည်ရွယ်ပြီး လုပ်တဲ့အကြောင်း၊ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို NCGUB၊ NLD(LA)၊ABSDF၊ စွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်များအဖွဲ့နဲ့ အခြားအဖျက်သမားအဖွဲ့များ ပူးပေါင်းကြံစည်လုပ်ဆောင်ကြကြောင်း၊ ပြည်တွင်းရှိ အချို့သော နိုင်ငံရေးပါတီများအနေနဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့များနဲ့ ဆက်စပ်ပတ်သက်နေမှုတွေ၊ ဆက်သွယ်ဆက်ဆံနေမှုတွေ၊ ပူးပေါင်းလုပ်ဆောင်နေမှုတွေရှိနေတဲ့ သတင်းတွေရရှိထားကြောင်းကို သက်သေအထောက်အထားတွေနဲ့ ရှင်းလင်းပြောပြသွားတာ တွေ့ရတယ်”

“ဗိုလ်ချုပ်ဈေးပွဲတော် ကျင်းပနေတဲ့ နောက်ဆုံးရက် လူအစည်ကားဆုံးနေ့မှာ ဈေးအနီးက ဇော်ဂျီစားသောက်ဆိုင်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကတော့ ကံကောင်းလွန်းလို့ ဆိုင်ဝန်ထမ်းတစ်ယောက်ပဲ အနည်းငယ် ဒဏ်ရာရသွားတာလေ၊ ဒါပေမယ့် ဈေးပွဲတော်ကို လုံခြုံရေးအရ ချက်ချင်းပိတ်လိုက်ရလို့ ရောင်းသူရော၊ ဝယ်သူတွေပါ တော်တော်လေး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရတာ တွေ့လိုက်ရတယ်”

“အဲဒီ ဗုံးပေါက်ကွဲမှုကိုတောင် အဖျက်သမား အလိုတော်ရိတွေက မဟုတ်မမှန်လုပ်ကြံ စွပ်စွဲပြောဆို ဝါဒဖြန့်မှုတွေကို ပြည်ပအသံလွှင့်ဌာနတွေနဲ့ ပူးပေါင်း စည်းဝါးကိုက်ပြီး ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြသေးဆိုပဲ”

“သူခိုးက လူ လူဟစ်တယ်ဆိုတာ ဒါပဲပေါ့ကွာ၊ ပြည်သူတွေ ဘေးတွေ့မှ၊ ဒုက္ခဆင်းရဲနဲ့ ရင်ဆိုင်ရမှ စားဝင်အိပ်ပျော်တယ်ဆိုတဲ့ လူမသမာတွေပဲလေ”

“စွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်များအဖွဲ့က ဗိုလ်ချုပ်ဈေးနားက ဗုံးပေါက်ကွဲမှုဟာ သူတို့လက်ချက်ပါလို့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့တယ်လို့ AFPသတင်းက ဖော်ပြခဲ့တယ် မဟုတ်လား”

“ဟုတ်ပါ့၊ အဲဒီအဖွဲ့ဟာ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံးကို ဝင်စီးခဲ့တဲ့ အကြမ်းဖက်သမားတွေပဲလေ၊ ပြန်လည်ခေါင်းထောင် ပေါ်ထွက်လာတယ်လို့ ဆိုရမှာပဲ”

“အမှန်တော့ကွာ အကြမ်းဖက်မှုကို ကမ္ဘာက လက်မခံတော့ဘူးဆိုတာ သိနေတော့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအဖွဲ့အစည်းတွေက တမင်မွေးထုတ်ထားတဲ့ ၂၄ ဦးနဲ့ဖွဲ့ထားတဲ့ အမည်ခံအဖွဲ့ပါ။ သူတို့ရဲ့ မူလအဖွဲ့အစည်းအမည်နဲ့ အကြမ်းဖက်မှုလုပ်ရင် ပြဿနာရှိလာမှာမို့ အမည်ခံ လုပ်ခိုင်းတဲ့ အဖွဲ့ပဲဆိုတာ ထင်ရှားပါတယ်။ သူတို့ဆရာကြီးလည်း မျက်နှာမပျက်ရအောင်၊ သူတို့လည်း အဖျက်အမှောင့်လုပ်ရပ်တွေ လုပ်နိုင်အောင် လုပ်ထားတာပါ”

“အဲဒီလုပ်ရပ်ကိုတော့ ပြည်ပနိုင်ငံများက ရှုတ်ချတာတို့ဘာတို့ အသံမထွက်လာပါလားကွာ၊ တို့နိုင်ငံအတွက် ဘာတစ်ခုမျှ ကောင်းကျိုးမပြုတဲ့၊ ဒုက္ခဆိုးကျိုးကိုသာပေးနေတဲ့၊ သူတို့သြဇာခံမယ့်သူကို တို့နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ထိန်းထားတာကိုတော့ အမျိုးမျိုးအော်ဟစ်နေပါလားကွာ”

“အေး– ငါတို့ သာမန်ပြည်သူတွေအနေနဲ့ လုံးဝမခံချင်တာ အဲဒါပဲကွ၊ သူတို့လုပ်ရပ်က အများပြည်သူ အကျိုးကိုမကြည့်၊ တစ်မျက်နှာသာကြည့်တဲ့ သူတို့နိုင်ငံအကျိုးအတွက် သြဇာခံမယ့် သူတို့ထင်သလို ခြယ်လှယ်နိုင်လို့ရနိုင်တဲ့ သူကိုပဲ မျက်နှာသာပေး တစ်ဖက်စောင်းနင်း လုပ်ပေးနေတာ အထင်အရှားပဲလေ”

“နောက်ပြီး ၂၀၀၄ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့က ကော့ကရိတ်မြို့မှာ အဝေးထိန်းစနစ်နဲ့ ဗုံးခွဲခဲ့လို့ စစ်ဆေးရေးအဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာရခဲ့တဲ့ လက်သည်တရားခံလည်းဖြစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့က ဘားအံမြို့ အားကစားပစ္စည်းအရောင်းဆိုင်မှာ ကက်ဆက်ဗုံးပေါက်ကွဲခဲ့လို့ ကျောင်းသားတစ်ယောက်သေ၊ သုံးယောက် ဒဏ်ရာရခဲ့တဲ့ လက်သည်တရားခံ ABSDF က စန်းထွေး(ခေါ်)ရှမ်းပုပ်ကို ဖမ်းဆီးဖော်ထုတ်ထားတာကောကွာ ဘယ်လိုလုပ်ကြံဆင်ခြေပေးကြဦးမလဲမသိဘူး”

“တစ်ခုခုတော့ လီဆယ်လုပ်ကြံပြောဆိုဦးမှာပဲလေကွာ၊ သေချာတာကတော့ ပြည်ပနိုင်ငံကြီးအချို့၊ အဖျက်သမားတွေနဲ့ ဆက်စပ်ဆက်နွှယ်နေတဲ့ တရားဝင်နိုင်ငံရေး ပါတီအချို့ကတော့ အဲဒီအဖျက်သမားကို နိုင်ငံရေးအကျဉ်းသားတစ်ယောက်အဖြစ် စာရင်းထပ်ဖြည့်ပြီး နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးဆိုပြီး ရောကောသောကောနဲ့ လုပ်ကြံတောင်းဆိုကြဦးမှာ အမှန်ပဲ”

“ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရတာ ခက်ခဲပေမယ့် အဖျက်အဆီး လုပ်ရတာကလွယ်တယ် မဟုတ်လားကွာ၊ အဖျက်သမားကတော့ အမြဲတမ်းအခွင့်ကောင်းကိုရှာလို့ အဖျက်အမှောင့်လုပ်နေမှာပဲ၊ နိုင်ငံနဲ့အစိုးရကို သိက္ခာချနေမှာပဲ၊ ဒါကိုပြည်သူတွေ သတိရှိကြဖို့လိုမယ်”

ယခုလို လွတ်လပ်ရေးနေ့နဲ့ဆက်စပ်ပြီး ခေတ်သစ်ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ လုပ်ရပ်များ၊ နိုင်ငံမတည်မငြိမ်ဖြစ်အောင်နဲ့ ဘေးကျပ်နံကျပ်ဖြစ်အောင် ဝိုင်းဝန်း လုပ်ကြံနေမှုများနှင့် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးသည့်လုပ်ရပ်များနှင့် ပတ်သက်၍ စကားဝိုင်းဖွဲ့ခဲ့ကြပြီးနောက် ဗကပလက်ကျန်အဖွဲ့က ရဟန်းရှင်လူပြည်သူများအတွင်း ပစ်မှတ်၊ ပရိသတ်အုပ်စုခွဲကာ သွေးထိုးလှုံ့ဆော်ခဲ့မှုနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။

“ဗကပ လက်ကျန်တွေကလည်း တစ်မျိုးထလာပြန်ပါလား”

“ငြိမ်းခါနီး ထတောက်တဲ့မီးပါကွာ၊ တောထဲမှာ အချင်းချင်းလည်မျိုကို ဝါးရင်းတုတ်နဲ့ရိုက်သတ်ခဲ့ကြတာတို့၊ ဆင်စွယ်ရွာတစ်ရွာလုံးကို သတ်ဖြတ်ခဲ့ကြတာတို့၊ ဘာသာသာသနာနဲ့ လူ့ယဉ်ကျေးမှုတွေကို ဖျက်ဆီးချိုးဖောက်ခဲ့ကြတာတို့ကို ပြောမယ်ဆိုရင် ကမ်းကုန်အောင် မိုက်ခဲ့ကြတဲ့သူတွေလို့ ဆိုရမှာပါ”

“ဒါပေမယ့် ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်တာ၊ ဝါးလုံးကို ဝါးခြမ်းဖြစ်အောင်ပြောနိုင်တာတွေကိုတော့ သတိထားရမယ်ဟ။ ၈၈ ခုနှစ်အရေးအခင်းတုန်းက လူပုံအလယ်မှာ အပြစ်မဲ့ပြည်သူအချို့ကို ခေါင်းဖြတ်သတ်ခဲ့ကြတာ အမြင်ပဲ မဟုတ်လား”

“မိုက်ကမ်းတဲ့နေရာမှာ ကမ်းကုန်ပါပဲကွာ”

ထိုသို့ ဗကပများအကြောင်း တစေ့တစောင်း ဆွေးနွေးပြောဆိုခဲ့ကြပြီးနောက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်နဲ့ Road Map အကောင်အထည်ဖော်နေမှုနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခဲ့ကြပြန်ပါသည်။

“နိုင်ငံတစ်နိုင်ငံကို တိုးတက်ဖို့ တည်ဆောက်တဲ့နေရာမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ဖြစ်တယ်ဆိုတာ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းမှာ သာဓကတွေ အထင်အရှားပဲ မဟုတ်လား”

“အေးလေ အရင်ခေတ်က နိုင်ငံတော်က တည်ဆောက်၊ သောင်းကျန်းသူက ဖျက်ဆီးပစ်၊ အာဏာရှိ နိုင်ငံရေးပါတီအတွင်း အကွဲအပြဲတွေ ဖြစ်ခဲ့လို့ တို့နိုင်ငံ အခက်ကြုံခဲ့ရဖူးတယ်”

“အခုလဲ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတို့ရဲ့အန္တရာယ်နဲ့ ပြည်ပနိုင်ငံကြီးအချို့က အမျိုးစုံဖိအားပေး၊စီးပွားရေးပိတ်ဆို့၊ မီဒီယာအသာစီးရရှိမှုကိုအသုံးချဝါဒဖြန့်လုပ်နေတဲ့ကြားကနေ ခက်ခက်ခဲခဲကြိုးစားပြီး တည်ဆောက်ခဲ့ကြလို့ နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာပါဝင်တဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဥပဒေစိုးမိုးမှုကို ရနေတယ်မဟုတ်လား”

“တိုင်းရင်းသား စည်းလုံးညီညွတ်ရေးလည်း ဘယ်အစိုးရလက်ထက်ကမှ မစွမ်းဆောင်နိုင်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ရောက်လာတာ၊ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာတာ အမြင်ပဲလေ”

“အခု နိုင်ငံတော် တည်ငြိမ်အေးချမ်းခဲ့လို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခဲ့လို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်း၊ တံတားတွေ၊ ဆည်တမံတွေ၊ လျှပ်စစ်မြစ်ရေတင်ပေးဝေမှုတွေ လက်ညှိုးထိုးလို့မလွဲအောင် တည်ဆောက်ထားတာ အမြင်ပဲလေ၊ ပညာရေး၊ ကျန်းမာရေးဘက်ကလည်း ခေတ်မီတက္ကသိုလ်တွေ၊ ဆေးရုံတွေ၊ စာသင်ကျောင်းတွေ ဖြစ်ပေါ်လာနေတာ နေရာအနှံ့ပဲဟ”

“ကျေးလက်ဖွံ့ဖြိုးရေးတို့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးတို့ကိုလည်း အောင်မြင်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်တာ အားလုံးအသိပါကွာ”

“ဒီလို တည်ဆောက်ထားမှုတွေကို ပျက်ပြားအောင်လို့ အကြမ်းဖက်ဖျက်ဆီးဖို့ ကြံစည်လုပ်ဆောင်နေသူတွေ၊ တည်ငြိမ်မှုနဲ့ဥပဒေစိုးမိုးမှုကို ပျက်ပြားအောင် လုပ်နေသူတွေကိုဟန့်တား၊ ပိတ်ပင်၊ ထိန်းချုပ်ထားတာ နိုင်ငံတော်အစိုးရမှာ အပြစ်လားကွာ”

“တပ်မတော်အစိုးရက ရွေးချယ်တင်မြှောက်ခံ အစိုးရမဟုတ်ဘူးကွာ၊ မဲရွေးပွဲဝင်မယ့်အဖွဲ့အစည်းလည်း မဟုတ်ဘူးကွာ၊ ဒါကြောင့် နိုင်ငံရေးပါတီတွေလို ကိုယ်ရွေးချယ်ခံရဖို့ကိုသာ ဦးတည်လုပ်ဆောင်နေတာမျိုး မဟုတ်ဘဲ နိုင်ငံကောင်းဖို့၊ အကျိုးရှိဖို့ဆိုရင် ပြည်သူအများရဲ့အကျိုးကိုပဲကြည့်ပြီးဘယ်သူတွေ ဘယ်လောက်ပဲ ဝိုင်းအော်အော်၊ ဖိအားဘယ်လိုပဲပေးပေး လုပ်သင့်တာမှန်သမျှ လုပ်နေတာကို ပြည်သူအများက ကြိုဆိုနေကြတာ အမှန်ပါပဲ”

“နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို အတိအလင်း ချမှတ်ကြေညာပြီး လုပ်နေတာလည်း အမြင်ပဲမဟုတ်လား”

“ဟိုပါတီ မပါလို့ အမျိုးသားညီလာခံကြီးက တရားမဝင်ပါဘူးလို့ ပြည်တွင်း၊ ပြည်ပက ပြောနေတာကိုကောကွာ”

“အဲ့ဒီပါတီပဲ အမျိုးသားညီလာခံအစမှာ တက်ရောက်လို့ အခြေခံမူဝါဒတွေကို အတည်ပြုခဲ့ကြတာပဲ မဟုတ်လား၊ နောက်မှ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်းမယ်ဒလင်းအောလ်ဘရိုက်ရောက်လာပြီး ဟိုအမျိုးသမီးနဲ့တွေ့ပြီးမှ ချက်ချင်းပဲ အဲဒီပါတီကိုယ်စားလှယ်တွေ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြတာ မဟုတ်လား”

“အခုလဲ ပြီးခဲ့တဲ့နှစ်မေလမှာကျင်းပတဲ့ အမျိုးသားညီလာခံကိုတက်ဖို့လည်း ဖိတ်ကြားခဲ့တယ်လို့ သိရပါတယ်၊ ဟိုဟာလုပ်ပေးမှ၊ ဒီဟာလုပ်ပေးမှတက်မယ်ဆိုပြီး တောင်းဆိုမှုတွေလုပ်၊ အခြေအနေနဲ့အချိန်အခါအရ မလုပ်ပေးနိုင်သေးတာကို အပြစ်တင်ပြီး မတက်ဘဲနေတာလည်း သူတို့ပဲလေကွာ”

“နိုင်ငံအကျိုး ဝိုင်းဝန်းသယ်ပိုးကြမယ့်ကိစ္စမှာ တောင်းဆိုချက်တွေမရလို့ မတက်ဘူးလို့ဆိုတာ အင်မတန် အမြင်ကျဉ်းမြောင်းပြီး၊ ကဖျက်ယဖျက်နိုင်တာပဲလေ၊ နဂိုကတည်းကကို ငါ့အကြိုက် ငါ့သဘောမဆောင်ရရင် မတက်ဘူးဆိုတာ ထင်ရှားပြီးသားပဲကွာ”

“အမျိုးသားညီလာခံမှာ လူထုလူတန်းစားအဖွဲ့အသီးသီးနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေအားလုံး ပါတယ်ကွာ၊ ငြိမ်းချမ်းရေးအဖွဲ့တွေပါမကျန် ပြည့်ပြည့်စုံစုံ ပါထားလျက်နဲ့ တစ်ပါတီတည်းကမပါလို့ တရားမဝင်ဘူးဆိုနေတာ မှန်နိုင်ပါ့မလားကွာ”

“အေးကွာ၊ နောက်ပြီး အမျိုးသားညီလာခံကနေဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူတွေကိုချပြလို့ သဘောထားခံယူမယ်၊ ပြည်သူအများစုက ကျေနပ်ထောက်ခံမယ်ဆိုမှ အတည်ဖြစ်လာမှာမို့ ဒီမိုကရေစီ ဘယ်လောက်ကျသလဲဆိုတာ သိသာနေပါတယ်။”

“တပ်မတော်အစိုးရပဲကွာ၊ နိုင်ငံအတွက်၊ လူမျိုးအတွက်ဆိုရင် အသက်တောင် ပေးလှူထားတဲ့ တပ်မတော်သားတွေပဲ၊ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူ အများရဲ့ အကျိုးဆိုရင် မတွန့်မဆုတ် ရဲရဲဝံ့ဝံ့နဲ့ အောင်မြင်အောင် လုပ်ဆောင်သွားမှာပါ”

“အေးကွာ၊ ငါ့အကျိုး၊ ငါ့ပါတီအကျိုးကို လူတိုင်းလူတိုင်း ဦးစားမပေးဘဲ အမှန်တကယ်သာ နိုင်ငံအတွက်၊ လူမျိုးအတွက် အကျိုးဖြစ်ထွန်းမှုတွေကိုဝိုင်းဝန်းလုပ်ကြ၊ အကောင်အထည်ဖော်ကြ၊ ဒီလိုလုပ်တဲ့နေရာမှာ ငါ့အယူ၊ ငါ့ဝါဒနဲ့ မကိုက်ဘူးဆိုရင်တောင် ‘မကူချင်ရင်နေ မနှောင့်ယှက်နဲ့’ ဆိုသလိုနေကြမယ်ဆိုရင်၊ ငါပြောရဲပါတယ်၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အမြန်ရောက်မှာပဲ၊ နိုင်ငံလည်း အခုထက်တိုးလို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာပဲ”

“တပ်မတော်အစိုးရတက်လာကတည်းကသာ ဝိုင်းဝန်းကူညီကြမယ်၊ မကူညီချင်ရင်နေ မနှောင့်ယှက်ဘဲနေကြမယ်ဆိုရင် ငါတို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးလောက်ပြီ၊ ရွေးကောက်ပွဲကျင်းပပြီး အစိုးရသစ်ကို လွှဲပြောင်းပေးပြီးလောက်ပြီ၊ နိုင်ငံလည်း ဒီမိုကရေစီနိုင်ငံအဖြစ် အရှိန်ကောင်းကောင်းနဲ့ ဖြစ်ထွန်းနေလောက်ပြီ၊ ပိုမိုဖွံ့ဖြိုးတိုးတက်နေလောက်ပါပြီကွာ”

“အခုတော့ အရာရာမှာ နှောင့်ယှက်ဖျက်ဆီးလုပ်ကြံနေကြတော့ မကြာသင့်ဘဲ ကြာနေကြရတာ အမြင်ပဲလေ၊ လူတိုင်း သတိတရားရကြဖို့ ကောင်းပါပြီကွာ၊ သုံးသပ်ဆင်ခြင်ကြဖို့ကောင်းပါပြီ၊ နိုင်ငံနဲ့လူမျိုးအတွက်ကိုပဲ ဦးစားပေးကြပါလို့သာ အော်လိုက်ချင်ပါပြီ”

ဤသို့ဖြင့် အစားအသောက်ကလည်းကောင်း၊ စကားဝိုင်းကလည်းကောင်း ပေမယ့် သူ့အလုပ်ကိုယ့်အလုပ်များ ရှိကြသေးသဖြင့် စကားဝိုင်းကို ရပ်ဆိုင်းလို့ အသီးသီးနှုတ်ဆက်ကာ ခွဲခွာခဲ့ကြပါသည်။ ။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Zhao Yongji ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



အလိုတော်ပြည့် ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေ လေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၅ရက်မှ ၁၄ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိသာသနာ့ဟိတရေ ပုဂံ–ညောင်ဦးနယ်စပ်ဒေသ ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ကိုယ်တိုင် ဝိပဿနာအလုပ်ပေး သတိပဋ္ဌာန်ရှုမှတ်နည်း တရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုကြသော ယောဂီများ ဖေဖော်ဝါရီ ၅ရက်(စနေနေ့) ညနေ၅နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၀၁–၅၄၅၃၃၇၊ ၀၁–၅၄၈၈ဖ၀ သို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း ကျောက်ခင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်မှု တိုင်းမှူးနှင့် မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းနေမှုအခြေအနေများကို ယနေ့ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ ကျောက်တံတားမြို့နယ် အလံပြဘုရားလမ်း၌ စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းခြင်း၊ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း အရှည်ပေ ၈၅၀၊ အကျယ် ၁၆ပေရှိ ကိုယ့်အားကိုယ်ကိုး ကျောက်ချောကတ္တရာလမ်း ခင်းကျင်းခြင်း၊ ဗိုလ်တထောင်ဘုရားလမ်းတစ်လျှောက် ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား လမ်းပိုင်း၌ စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းခြင်း၊ လသာမြို့နယ် စဥ့်အိုးတန်းလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ အမှိုက်များ ရှင်းလင်းခြင်း၊ ပိုးသတ်ဆေးများ ဖျန်းပက်ခြင်း၊ အလုံမြို့နယ် ကမ်းနားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းခြင်း၊ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးအနီး လမ်းဖြတ်ရေနုတ်မြောင်းမကြီးတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေး အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ ရွှေပြည်သာမြို့နယ် ရွှေပြည်သာတံတား ချဉ်းကပ်လမ်းတစ်လျှောက် လူသွားစင်္ကြံများ ကွန်ကရစ်ကျောက်ပြားခင်းကျင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ ခေတ်မီမြို့ပြအင်္ဂါရပ်များနှင့်လျော်ညီစွာ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မိမိတတ်စွမ်းသည့်ကဏ္ဍများမှ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများကလည်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဖျာပုံလမ်း အမှတ်(၅)နေ ဒေါ်သန်းစိန် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကချင်ပြည်နယ် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသစ်နှင့် အခြေခံအပ်ချုပ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ရက် နံနက် ၉နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်က အမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းက အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ဖွင့်လှစ်ခဲ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးချုပ်စိုးနွယ်က ဝန်ထမ်းများနှင့် သင်တန်းသူများအားကစားလေ့ကျင့်နိုင်ရန် ကိုယ်ကာယလေ့ကျင့်ခန်းစက်တစ်လုံး ပေးအပ်လှူဒါန်းရာ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်မျိုးအေးက လက်ခံရယူသည်။ ထို့နောက် ဧည့်သည်တော်များသည် သင်တန်းကျောင်းအတွင်းသို့ လှည့်လည်၍ သင်တန်းသူများ အိမ်တွင်းမှုစက်ချုပ်ပညာသင်ကြားနေမှုများကို ကြည့်ရှုကြသည်။(သတင်းစဉ်)

ဘက္ကရီးအီးဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် ၁၃၆၆ခုနှစ် ပြာသိုလဆန်း ၁၂ရက် (၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၁ရက်) သောကြာနေ့သည် အီဒွလ်အသွာဟာ (ဘက္ကရီးအီးဒ်) နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ(၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာသည်။ (သတင်းစဉ်)

မျိုးဆက်သစ်လူငယ်များကို တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထာဝရ ရှင်သန်နိုးကြားနေစေရအောင် လူငယ်ဘဝကပင် စေ့ဆော်စည်းရုံး ပျိုးထောင်ပေးထားရန်လို

▲ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ – အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများတက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲသြဝါဒအမှာစကား မိန့်ကြားရာတွင်—

မိမိနိုင်ငံရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးကို စနစ်တကျ လေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ဖြစ်စဉ်ဖြစ်ရပ်များကို သဲကွဲစွာ မြင်တွေ့နိုင်ပြီး နိုင်ငံတော်ရဲ့ ပင်မကျတဲ့ လိုအပ်ချက်တွေကို သိရှိနိုင်တယ်၊ နိုင်ငံသားတစ်ယောက်အနေဖြင့် ဖြစ်ရပ်မှန်များကို သိရှိနားလည် သဘောပေါက်ပြီး နိုင်ငံတော်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းရာမှာ ကိုယ်တိုင်ကိုယ်ကျ အပြုသဘော ပါဝင်ဆောင်ရွက်ခြင်းဟာ အမျိုးသားရေးတာဝန် ကျေပွန်မှုဖြစ်တယ်၊ ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်တဲ့ နိုင်ငံသားတွေဟာ နိုင်ငံတော်အတွက် စွမ်းရည်စွမ်းအား ပင်ဖြစ်တယ်၊ နိုင်ငံသားတိုင်းမှာ ရှိနေရမယ့် အဲဒီအရည်အသွေးဟာ နိုင်ငံကလိုအပ်တဲ့ စွမ်းရည်စွမ်းအားဖြစ်တယ်။

ဟု ထည့်သွင်းမိန့်ကြားခဲ့ကြောင်း။

အမျိုးသားရေးအမြင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဆရာ၊ ဆရာမများအနေဖြင့် ယခု အထူးမွမ်းမံသင်တန်းကာလ တစ်လျှောက်တွင် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြသွားမည့် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းကို အခြေခံပြီး အနာဂတ်ကာလအတွက် မျှော်မှန်းထားသည့် အမျိုးသားရေးဦးတည်ချက်များ၊ နိုင်ငံတော်၏ပကတိအခြေအနေမှန်များနှင့် လက်ငင်းလိုအပ်ချက်များ၊ ရေရှည်အမျိုးသားရေး အကျိုးစီးပွားအတွက် ဆရာ၊ ဆရာမများဘက်က ဖြည့်ဆည်းစွမ်းဆောင်ပေးရမည့် အမျိုးသားရေးတာဝန်များကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်သုံးသပ်နိုင်သည်နှင့်အမျှ ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်ရေးရာ တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ နိုင်ငံတော်အစိုးရက အလေးထားအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး အစီအမံများသည်လည်း အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရင်ပေါင်တန်း ရပ်တည်နိုင်စေရန်အတွက် တည်ဆောက်ကာကွယ်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ နည်းပညာတိုးတက်ဖြစ်ထွန်းမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုစသည့် အမျိုးသားရေးစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အထူးလိုအပ်လျက် ရှိကြောင်း။

အမျိုးသားရေးတာဝန်

ထို့ကြောင့် ယနေ့အချိန်အခါကဲ့သို့ ပညာရေးကဏ္ဍက ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးပိုင်းဖြတ်နေသည့် ခေတ်ကာလတွင် နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးအတွက် ပဓာနကျသည့် အမျိုးသားရေးစွမ်းအားများ အသီးသီး အသက ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရအောင် စနစ်တကျ ဖြည့်ဆည်းပေးရေးသည် ပညာရေးကဏ္ဍက အရေးတကြီး ဖြည့်ဆည်းပေးကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

> ## အမှာစကားပြောကြား
>
> **မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များ ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် အကောင်အထည်ဖော်စွမ်းဆောင်ပေးနိုင်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် တစ်ပြေးညီ မိမိနိုင်ငံတော်အတွင်း ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက် ထွန်းကားပြန့်ပွားစေရန်၊ ဤပညာရပ်များကို အမျိုးသားရေးအကျိုးစီးပွားအတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို အခြေအနေ အချိန်အခါမရွေး ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေးအသိအမြင်ကြည်လင်ထက်သန်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အသိပညာရှင်၊ အတတ်ပညာရှင်များ ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ်တိုးတက်ပေါ်ထွန်းနေစေရန်အတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို ဟန်ချက်ညီညီ အချိတ်အဆက်မိမိပေါင်းစပ်ပြီး စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့် အကျိုးရလဒ်ကောင်းများလည်း စတင်တွေ့မြင်ခံစားနေရပြီဖြစ်ကြောင်း။

အားကောင်းစွာဖြစ်ထွန်း

ဤသို့ နိုင်ငံတော်အစိုးရအနေဖြင့် ထုထည်ပမာဏ ကြီးမားကျယ်ပြန့်လှသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံကြီး တစ်ခုလုံးကို **"အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ"**ဆိုတဲ့ ဂုဏ်ပုဒ်များနှင့် ဆီလျော်ညီညွတ်စေရန် အမျိုးသားပညာရေးမြှင့်တင်မှု အစီအမံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးပြီး အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများ ပေါ်ထွန်းလာလျက်ရှိနေပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းတွင် ယနေ့ ကျောင်းသူ၊ ကျောင်းသားများ၏ ပညာကိုလိုလားမှု၊ တက်ကြွစွာ သင်ယူလေ့လာမှု၊ အသိပညာနည်းပညာသစ်များကို အာသီသဆန္ဒထက်သန်ပြင်းပြစွာ ရှာဖွေလေ့လာမှု၊ ဘက်စုံလေ့လာအားထုတ်မှုများသည်လည်း မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် အလွန်အားကောင်းစွာ ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီး ဆက်စပ်ယှက်နွယ်ပြောင်းလဲဖြစ်ပေါ်နေသည့် Globalization အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ပေါ်မှုများ၊ ခေတ်မီ သင်ကြားမှု၊ သင်ယူမှု နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ တတ်သိကျွမ်းကျင်ပြီး နိုင်ငံတကာနှင့် မျက်ခြည်မပြတ်စေရန် လိုအပ်ကြောင်း၊ သို့ရာတွင် နိုင်ငံတကာတိုးတက်ဖြစ်ထွန်းမှုများကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ အားကျနေမည့်အစား မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံထားမှုများနှင့် ဗီလာဆန့်ကျင်သည့် အပြင် လွတ်လပ်မှုလွန်ကဲပြီး ဟီရိသြတ္တပ္ပတရား ကင်းမဲ့သော တိုင်းတစ်ပါးအမူအကျင့် ဓလေ့စရိုက်နှင့် အတွေးအခေါ်များကို အမျိုးသားရေးအမြင်ဖြင့် မှန်ကန်စွာရှုမြင်သုံးသပ် ရှောင်ရှားနိုင်စေရန်လည်း အရေးကြီးသည့်အတွက် ယနေ့ မျိုးဆက်သစ်လူငယ်များကို တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းတတ်သည့် စိတ်ဓာတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြားနေစေ ရအောင် ယခုလူငယ်ဘဝကပင် ဆရာ၊ ဆရာမများက စေ့ဆော်စည်းရုံး ပျိုးထောင်ပေးထားရန် အထူးလိုအပ်နေပြီဟု ပြောကြားလိုကြောင်း။

ရည်ရွယ်ချက်ရှိရှိဖန်တီး

အထူးသဖြင့် ယနေ့အချိန်အခါတွင် မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အင်အားချည့်နဲ့ပြီး တိုင်းတစ်ပါးကို မှီခိုအားထား သြဇာခံလာစေရန်ဦးတည်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်မှုများကို အစဉ်တစိုက်ပြုလုပ်လျက်ရှိနေကြသည်ကို ဆရာ၊ ဆရာမတို့ကိုယ်တိုင် တွေ့မြင် ကြားသိနေကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နှစ်ပေါင်းရာ၊ ထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားလူမျိုးများအားလုံး၏ ရင်ထဲနှလုံးသားထဲတွင် ကိန်းအောင်းပေါက်ဖွားလာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးကို ထူထောင်လာခဲ့ကြသည့် အစဉ်အလာကောင်း အမွေခံကောင်းများနှင့်အညီ နောင်အနာဂတ်ကာလတွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည့် သံယောဇဉ်ကြိုးဖြင့် စုစည်းနှောင်ဖွဲ့ထားသည့် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ ခိုင်မြဲစေရအောင် ဆက်လက်ထိန်းသိမ်း ကာကွယ်သွားကြရမည်ပင်ဖြစ်ကြောင်း။

ဤအမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ စုစည်းခိုင်မာပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပလျက်ရှိရာတွင် ပထမအဆင့်လုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သည့်အပြင် မကြာမီသော ရက်များအတွင်း အမျိုးသားညီလာခံကြီး၏ ဒုတိယအဆင့် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ထို့ကြောင့် တိကျခိုင်မာသည့် အမျိုးသားရေးလုပ်ငန်းစဉ်များဖြင့် ပြည့်စုံခိုင်မာသော အနာဂတ်နိုင်ငံတော်ကြီးကို စနစ်တကျ တစ်ဆင့်ချင်းကြိုးပမ်းတည်ဆောက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးနှင့် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြည့်မြောက်စေရေးတို့အတွက် ဆရာ၊ ဆရာမများ အားလုံးက မိမိတို့ကျရာကဏ္ဍက စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ရင်း မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်ပြီး ထက်မြက်မြင့်မားသည့် ပညာရည်စွမ်းပကားဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်သည့် စွမ်းဆောင်ရည်နှင့်ပြည့်စုံစေရအောင် ပညာရေးကဏ္ဍကနေ လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၀၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

☆ **အဖိုးတန်ကျောက်မျက်မှ**

ကာအသိအမှတ်ပြုကျောက်မျက်ရတနာဈေးကွက်ယခုထက် ကျယ်ကျယ် ပြန့်ပြန့် ခိုင်မာဖြစ်ထွန်းလာစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက် သွားရန်မှာကြားလိုကြောင်း။

သတ္တုနှင့် ကျောက်မျက်ရတနာများတူးဖော်၊ ထုတ်လုပ်၊ရောင်းဝယ်ခြင်း လုပ်ငန်းများတွင်လည်း မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ စနစ်တကျ ဖြစ်ထွန်းစေလျက် နိုင်ငံတော်၏ စီးပွားရေး တိုးတက်မြင့်မားရေး အထောက် အကူဖြစ်စေရန် ဖွဲ့စည်းပေးထားသော ကော်မတီအဆင့်ဆင့်က ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ပဏာမရှင်းလင်း

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ ကျောက်မျက်ရတနာပြပွဲများမှ ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက် တိုးတက်မှုအခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူ ကျောက်မျက်ရတနာလုပ်ငန်းများအခြေအနေတို့ကို ပဏာမရှင်းလင်း တင်ပြသည်။

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီ၏ အရေးယူဆောင်ရွက်မှု အခြေအနေ၊ ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၏အခြေအနေတို့နှင့် မြန်မာ့ ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်စိမ်းကျောက်မျက်လုပ်ကွက်များ ကို တူးဖော်ခွင့်ပြုနေသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြ သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များ အပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်ကျောက်မျက် ရတနာ လုပ်ငန်းများနှင့် စပ် လျဉ်း ၍ ပဏာမရှင်းလင်းစဉ်။

(သတင်းစဉ်)

✧ **မော်တော်ယာဉ်မှ**

သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်း တင်ပြသည်။

ထို့နောက်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က မော်တော် ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်း ဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်း ဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။

ရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော် များသည် မော်တော်ယာဉ်သုံး သဘာဝ ဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့် လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြား ရေးမှူး ဦးမြင့်ဌေးက ဓာတ်ငွေ့ သိုလှောင်ပုံ နည်းစနစ်၊ ဖိအားမြင့်စက် ကွန်ပရက်ဆာ၏ စွမ်းဆောင်ချက် များ၊ ဓာတ်ငွေ့ဖြည့်စက်၏ ဓာတ်ငွေ့ ဖြည့်သွင်းပေးမှုနှင့် ဓာတ်ငွေ့ဖိုးကျသင့် ငွေတွက်ချက်ပေးစက်၏ တန်ဖိုးငွေ တွက်ချက်ပေးမှုများကို လိုက်လံရှင်း လင်းပြသသည်။

ထို့နောက် တိုင်းမှူး၊ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့်ဧည့်သည်တော် များသည် ခရီးသည်တင် မော်တော် ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော် ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့် သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေး ကြပြီးအရောင်းဆိုင်ဖွင့်ပွဲအခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် မော်တော် ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်သည်ရန်ကုန်မြို့၌ စတင် အသုံးပြုမည့် NGV မော်တော်ယာဉ် များအတွက် ဒုတိယမြောက်ဖွင့်လှစ် သည့် အရောင်းဆိုင်ဖြစ်သည်။

အဆိုပါဆိုင်မှ တစ်နေ့လျှင် NGV ကားစီးရေ ၃၀၀ခန့်ကို CNGရောင်းချ ပေးနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် မော်တော်ယာဉ်လေးစီးကိုတစ်ပြိုင်တည်း CNG ဖြည့်တင်း ပေးနိုင်မည်ဖြစ် သည်။

ထို့ပြင် မော်တော်ယာဉ်သုံးသဘာဝ ဓာတ်ငွေ့၏ ရောင်းဈေးမှာ ဓာတ်ဆီ တစ်ဂါလန်နှင့်အညီ မောင်းနှင်နိုင် မည့် သဘာဝဓာတ်ငွေ့ ၁၆၅ကုဗပေ ကို ကျပ် ၁၀၀ ဖြစ်ပြီး ရန်ကုန်မြို့၌ နောက်ထပ် CNGအရောင်းဆိုင်များ ကို ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ် သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရား သူကြီးချုပ်ဦးအောင်တိုး အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရောဝတီတိုင်း ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်လှ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ဧရာ ဝတီတိုင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက်က ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက် တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင် လတ်၊ တိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့များ၊ ပညာ ရေးဌာနဝန်ထမ်းများ၊ ဆရာ၊ ဆရာမ များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ပညာရေးစုံညီပွဲတော် ဆိုင်းဘုတ်ရှေ့ တွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများက ပွဲတော်အား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးမှုကို ကြည့်ရှုအားပေး ကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ရတနာတန်ဆောင်ခန်းမ တွင်ကျင်းပသည့်ပညာရေးစုံညီပွဲတော် နှင့် ပညာစွမ်းရည်ပြပွဲ အခမ်းအနား သို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းမှူး က အဖွင့်အမှာစကား ပြောကြား သည်။ **(အောက်ပုံ)**

ယင်းနောက် ဆုချီးမြှင့်ပွဲ အစီအစဉ် ကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဒသမတန်းနှင့် အဋ္ဌမတန်းထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ဘက်စုံထူးချွန်ဆုရ အထက(၆)ပုသိမ်၊ အထက(၁) မအူပင်ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် သည်။ ဆက်လက်၍ တာဝန်ရှိသူများ က သိပ္ပံစာပေဆု၊ ဝိဇ္ဇာစာပေဆု၊ ကျောင်းလုပ်ငန်းဆု၊ ဘာသာရပ် အလိုက် စာပေဆု၊ မြန်မာနှင့် နိုင်ငံ တကာ လူမှုဆက်ဆံရေး ထုံးဓလေ့ ပြိုင်ပွဲဆုများကို ပေးအပ် ချီးမြှင့်ကြ သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက အကပဒေသာတေး သရုပ်ဖော်အကများဖြင့် ဖျော်ဖြေ တင်ဆက်ကြရာ တိုင်းမှူးနှင့် အဖွဲ့က ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပညာရေးအဓ ဟွန်ဒါ မြန်မာကုမ္ပဏီ အုပ် ဒါရိုက်တာ ဦးတင်မောင်က ဦ မောင်ပညာသင်ဆုအတွက် ဧရ တိုင်း ပညာရေးငွေပဒေသာပင်း ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှ ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လ ယူပြီး ကျေးဇူးတင်စကား ပြန် ပြောကြားသည်။

အခမ်းအနားအပြီးတွင် တို နှင့်အဖွဲ့သည် ပညာစွမ်းရည်ပြ များကို လှည့်လည်ကြည့်ရှုစစ်ဆေ တာဝန်ရှိသူများအား လုပ်ငန်းဖ ချက်များ မှာကြားဖြည့်ဆည်း ဆေ ရွက်ပေးကြောင်းသိရသည်။

(ဧရာဝတီ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများနှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိ အဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူး အဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေ မှာကြားသည်။

ထို့နောက် အမျိုးသား ညီ ကျင်းပရေး လုပ်ငန်းကော်မတီဝ ကလုပ်ငန်းဆိုင်ရာကိစ္စများကိုဆေ တင်ပြကြသည်။

ရုပ်သိမ်း

ယင်းနောက် အမျိုးသားညီ ကျင်းပရေး လုပ်ငန်းကော်မတီဥ တရားသူကြီးချုပ် ဦးအောင်တ နိဂုံးချုပ်အမှာစကား ပြောကြာ အစည်းအဝေးကို မွန်းလွဲပိုင် ရုပ်သိမ်းလိုက်သည်။ (သတင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁–၂၀၀၅ (တနင်္ဂနွေနေ့)

၁၃၆၆ခုနှစ်၊ပြာသိုလဆန်း ၇ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	ဂိုညင်းတန်းတံတား
၈:၃၀	၈။	International News.
၈:၄၅	၉။	Say it in English.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၃၅	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းမေတ္တာ"(အပိုင်း–၃)**
၁၂:၁၅	၅။	သင်ပုန်းရေရှောင်တာမံ
၁၂:၂၅	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "သတ္တုမမြောက်ရင်ခုန်သံ" (မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–စိုးကျော်ဆန်း)**
၂:၃၅	၇။	ရွှေလောင်းတံတား
၂:၄၅	၈။	International News.
၃:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၀၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၂၀	၃။	English for Everyday Use.
၄:၃၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၄:၅၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက
၅:၀၅	၆။	ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ အပိုင်း(၁)
၅:၁၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၅:၅၀	၈။	**Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ၊ဒုတိယပွဲစဉ်) (စင်ကာပူနှင့် အင်ဒိုနီးရှား)**
၈:၀၀	၉။	ပြည်တွင်းသတင်း
	၁၀။	နိုင်ငံတကာသတင်းများ
	၁၁။	မိုးလေဝသအခြေအနေ
	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ"(အပိုင်း–၁၀)**
	၁၃။	နောက်တစ်နေ့အစီအစဉ်
	၁၄။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း ဒုတိယအကြိမ် နှစ်ပတ်လည် စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘော သားများ အသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ ဆူးလေ ဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေ သန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေယာဉ်မှူးကြီးများ၊ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အသင်းဝင် အသင်းသားများ တက် ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အလုပ်အမှု ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိန်က စကားပြောကြားပြီး **(ဝဲပုံ)** ၂၀ ၂၀၀၄ခုနှစ် အလုပ်အမှုဆောင် အစီရင်ခံစာ၊ဘဏ္ဍာရေးအစီရင်ခံ ငွေစာရင်းရှင်းတမ်းတို့ကို အ အမှုဆောင် အဖွဲ့ဝင်များက ဖတ် တင်သွင်းကြပြီး အသင်းသားမ အတည်ပြုကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌက ချုပ် အမှာစကား ပြောကြာ အစည်းအဝေးကို ရုပ်သိမ်း သည်။

(သတင်

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများ ယှဉ်ပြိုင်ဖြေဆိုမှု ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက် ၉နာရီတွင် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင် အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကျင်းပသည့် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိလာရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့်တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ယင်းနောက်နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၄၉၃ဦးတို့၏ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ဝင်ရောက်ဖြေဆိုနေမှုများကို လှည့်လည် ကြည့်ရှုအားပေးပြီး နံနက် ၉နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

အလားတူ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင် အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် ဆရာမများက ကျောင်းသူ ၄၄၀တို့၏ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများသို့ ဝင်ရောက်ဖြေဆိုမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တစ်ပြိုင်တည်းကျင်းပ

ထို့အတူ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့်အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအခြေခံပညာအထက်တန်းကျောင်းများ၌ ယနေ့နံနက် ၉နာရီမှစတင်၍ တစ်ပြိုင်တည်း ကျင်းပလျက်ရှိသည်။ (သတင်းစဉ်)

ICT Week 2005 တွင် ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ ICT Park၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည့် Fourth Myanmar ICT Weekတွင်၁။ Programming (Intermediate/ Advanced)၊၂။ Web Development (Intermediate /Advanced)နှင့် ၃။ Network Game (Professional/Amateur)ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အမှတ်စဉ် ၁နှင့်၂ ပြိုင်ပွဲအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း–၆၅၂၂၇၆သို့ ဇန်နဝါရီ၁၉ရက် နောက်ဆုံးထား၍ လည်းကောင်း၊ အမှတ်စဉ် ၃ ပြိုင်ပွဲအတွက် (Blastar, Net Zone, Xclaimz, Cyber Knight) Game Centre များသို့ ဆက်သွယ်၍ ဇန်နဝါရီ ၂၁ရက် ညနေ ၅နာရီနောက်ဆုံးထား၍ လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို တပ်မတော်(လေ)၊ တပ်မတော်(ရေ)၊တိုင်းစစ်ဌာနချုပ်များ၊ တပ်မဌာနချုပ်များ၊ စစ်ကျောင်းကြီးများ ပါဝင်လျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ပြိုင်ပွဲများမစတင်မီ မှော်ဘီမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်တီးဝိုင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်း၊ စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်တီးဝိုင်းက ရွှေတောင်ပံ၊ မျိုးချစ်ဇာနည်၊ ဒို့တပ်မတော်သား စစ်ချီတေးများဖြင့် လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ထာဝစဉ်နှုပျိုနေတဲ့ ဒို့တပ်မတော်၊ အောင်ပွဲရတဲ့ ဒို့စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ဒို့တပ်မတော်သား စစ်ချီတေးများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က တပ်မတော်၊ မျိုးချစ်ဇာနည်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ထာဝစဉ်နှုပျိုနေတဲ့ ဒို့တပ်မတော်၊ ဖန်နေဝန်း စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြ တီးမှုတ်ဖျော်ဖြေကြသည့် မှော်ဘီမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့်(၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ ၂၀၀၅ခုနှစ် (၁၄) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းများ ယှဉ်ပြိုင်မှုကို ကြည့်ရှုစဉ်။ (ထပဆ)

မုန်တိုင်းသတင်း

ရန်ကုန် ဇန်နဝါရီ ၁၅

ယနေ့နံနက် မြန်မာစံတော်ချိန် (၀၉:၃၀) နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၏ အရှေ့တောင်ဘက် မိုင် ၅၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကာ အနောက်၊ အနောက်မြောက်ဘက်ဆီသို့ ဖြည်းညင်းစွာရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၁–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် – သမ္မာဒိဋ္ဌိငါးမျိုး**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -The General Characteristics of Contemporary Westerl Philosophy (ဒုတိယနှစ်–ဒဿနိကဗေဒ)
- ၄:၃၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး"** (အပိုင်း–၁)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **English Premier League ဘောလုံးပွဲ Fulham Vs West Bronnwi °°Chalbi**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ခန်းမဖွင့်

ဘုတလင် ဒီဇင်ဘာ ၃၀

မန္တလေးမြို့ ၈၅ လမ်း၊ မြန်မာ့ကျက်သရေတိုက် မုံရွာပွဲရုံနှင့် ဆိစက်ပိုင်ရှင် ဦးခင်မောင်၊ ဇနီး (ဒေါ်ခင်ကြည်)မိသားစုတို့လှူဒါန်းသည့်ဘုတလင်မြို့နယ် ပိုးကုန်းကျေးရွာ စိန်ဝဇီရာကျေးရွာ စာကြည့်တိုက်နှင့် ကျေးလက်ခန်းမ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်း၊ ဘုတလင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဘုတလင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်း၊ အလှူရှင် မိသားစုများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စိန်ဝဇီရာ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ခန်းမအား မုံရွာခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အလှူရှင် ဦးခင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး စိန်ဝဇီရာ စာကြည့်တိုက်သို့ ပရိဘောဂများ၊ စာအုပ်များပေးအပ် လှူဒါန်းကြရာ ရန်ကုန်မြို့နေ ဦးမြင့်လှိုင်၊ ဇနီး ဒေါ်စန်းရီ မိသားစုက သုတရသ စာအုပ် ၇၂၅ အုပ် အပါအဝင် စုစုပေါင်း စာအုပ် ၁၃၈၃ အုပ်တို့ကို လှူဒါန်းကြသည်။

(မြို့နယ်ပြန်/ဆက်)

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော မြို့တွင်းလမ်းပန်း ဆက်သွယ်မှု လွယ်ကူစေရေးအတွက် သာယာကုန်းလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦးကျော်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

တရား အားထုတ်နိုင်

မြောင်းမြ ဇန်နဝါရီ ၁၅

မြောင်းမြမြို့ အမှတ်(၁၀)နယ်မြေ မြမင်္ဂလာရပ်ကွက် သဲအင်းဂူ စိတ္တသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ရန်ကုန်မြို့ မိုးကောင်းဘုရားဝင်း သဲအင်းဂူဆရာတော်၏ တပည့်များ ဖြစ်ကြသည့် ရန်ကုန်(ကျိုက်ဝိုင်း) ဆရာတော် မုံရွာဆရာတော်၊ မော်လမြိုင်ဆရာတော်၊ ပုသိမ် ဆရာတော်၊ လားရှိုးဆရာတော်၊ ကျောက်ပန်းတောင်း ဆရာတော်တို့က နှစ်စဉ် ဝါတွင်းဥပုသ်နေ့နှင့် ဝါပတနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ တရားပြသမည်ဖြစ်၍ မည်သူမဆို ကြွရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

ကြည့်ရှုစစ်ဆေး

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော ဘက်ရဲ မြို့ဝင်တံတားပြီးစီးမှုနှင့် ကျောက်ချောလမ်းခင်းဆောင်ရွက်ခြင်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဒီဇင်ဘာ ၂၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းက ကျောက်ချောလမ်းခင်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အလက(၃) ပခုက္ကူ အာစရိယပူဇော်ပွဲ ကျင်းပမည်

ပခုက္ကူ ဇန်နဝါရီ ၁၀

ပခုက္ကူမြို့ အလက(၃) (ယခင် မက်သဒစ်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအတွက် ငွေနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး အလက (၃) ဖုန်း ၀၆၂–၂၁၁၃၃၊ ဦးနေလ ဖုန်း ၀၆၂–၂၀၉၀၉၊ ဦးအောင်တင့်ကျော် ဖုန်း ၀၆၂–၂၁၅၆၇၊ ဦးဇော်ဝင်း ဖုန်း ၀၆၂–၂၁၇၀၉၊ ဦးဝင်းမြင့်အောင် ဖုန်း ၀၆၂–၂၁၀၅၉၊ ဦးချိုတား ဖုန်း ၀၆၂–၂၂၀၄၆၊ ဒေါ်ဝါဝါလင်း ဖုန်း ၀၆၂–၂၁၂၁၅၊ ဦးကျော်ကျော်ဌေး ဖုန်း ၀၁–၇၂၁၉၂၁နှင့် ဦးချစ်မောင် ဖုန်း–၀၁–၆၈၂၅၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

ပုသိမ် ဇန်နဝါရီ ၁၀

မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြည်သို့သမဝါယမအသင်းလီမိတက်မှ စုစည်း၍ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ပုသိမ်မြို့ ကန်သာယာကွင်း၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ၁၆ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ မိုးကုတ်မြို့ မဏိရတနာခန်းမ၌ မတ် ၁ ရက်မှ ၅ ရက်ထိလည်းကောင်း၊ မန္တလေးမြို့၌ မတ် ၈ ရက်မှ ၁၂ ရက်အထိ ဘုရားကြီး (အရှေ့ကွင်း)တွင် နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထက်လင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အဓိက ပံ့ပိုးကူညီပြီး ထက်လင်း ရင်လူးဆေး၊ ထက်လင်း အစာကြေ၊ အသံကြည်ဆေးပြားနှင့် အကြောပြေ ဒဏ်ကြေလိမ်းဆေးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ရုံးသုံးကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ သမဝါယမအသင်းများမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ပြပွဲလာပြည်သူများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြည်သို့သမဝါယမအသင်း လီမိတက်အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး (စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀ (လိုင်းခွဲ)–၃၉၄၊ ၄၀၈၊ ၀၉–၅၁၀–၇၂၀၅ ရုံးချိန်ပြင်ပ ဖုန်း–၆၃၆၅၀၉ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

အင်းတော်မြို့နယ် အောင်မေတ္တာတိုးချဲ့လမ်းဖွင့်

အင်းတော် ဇန်နဝါရီ ၁၂

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အောင်မေတ္တာတိုးချဲ့ (၂) လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ အင်းတော်မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အဖွဲ့ဝင်(၂) ဦးကျော်ဌေး၊ အတွင်းရေးမှူး ဦးဆန်းမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ယင်းအောင်မေတ္တာတိုးချဲ့ (၂) လမ်းသည် ကတ္တရာလမ်း အရှည်ပေ ၄၂၀၊ အကျယ် ၁၂ ပေနှင့် ကျောက်ချောလမ်း အရှည်ပေ ၃၃၀၊ အကျယ် ၁၂ ပေရှိပြီး ကျပ် ၉ဒသမ၆၃ သိန်းအကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ၂၀၀၄ ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အင်္ဂလိပ်ကဗျာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရကျောင်းသူတစ်ဦးအား ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်း ဆုချီးမြှင့်စဉ်။ (၃၆၅)

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ အစိုးရ မူလတန်းကျောင်း (တပ်မြေ)၏ ပညာရေး စုံညီပွဲတော်နှင့် မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆု ရရှိသူ မောင်သက်ဖြိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအေး ဆုချီးမြှင့်စဉ်။ (က–ပ)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၄ ရက်က သန်လျင်မြို့ သီဟဒီပ အားကစားကွင်း၌ ကျင်းပစဉ်။ (က–ပ)

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့ဆိုင် တိုးတက်တည်ဆောက်မှုဆွေးနွေး

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင် သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့ (CNG)ဆိုင် တိုးတက်တည်ဆောက်မှု ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ် ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့ (CNG) ဆိုင် တိုးတက်တည်ဆောက်မှု ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မော်တော်ယာဉ် လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီမှ တာဝန်ရှိသူများ၊စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကောင်အထည်ဖော်

ညှိနှိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရှင်းလင်းဆွေးနွေးရာတွင် သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ် ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့ (CNG)ဆိုင် တိုးတက်တည်ဆောက်မှုတို့ကို အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့ (CNG)ဆိုင် တိုးတက်တည်ဆောက်မှုတို့ကို အရှိန်မပျက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဆောင်ရွက်

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် သုံးစွဲမှုကို ကမ္ဘာ့နိုင်ငံပေါင်း ၆၄ နိုင်ငံ၌ အသုံးပြုလျက်ရှိပြီး မော်တော်ယာဉ်ပေါင်း ၃၅ သိန်းကျော်တွင် တပ်ဆင်သုံးစွဲလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ထော်လာဂျီ အပါအဝင် ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံးယာဉ်ပေါင်း ၉၄၀၀၀၀ ကျော် ရှိပြီး ရန်ကုန်တိုင်းအနေဖြင့် တစ်နိုင်ငံလုံး၏ ယာဉ်စီးရေ ၅၆ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ယာဉ်စီးရေ ၅၂၀၀ ကို သဘာဝဓာတ်ငွေ့သုံး ယာဉ်အဖြစ် ပြောင်းလဲ သုံးစွဲရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရှင်းလင်းဆွေးနွေး

တစ်ဖက်က သဘာဝ ဓာတ်ငွေ့သုံး ယာဉ်များအဖြစ် ပြောင်းလဲရေး ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း တီထွင်စမ်းသပ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များကို ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံးယာဉ်မှ သဘာဝဓာတ်ငွေ့ (CNG) သုံး ယာဉ်များအဖြစ် ပြောင်းလဲမှုကြောင့် လေထုညစ်ညမ်းမှုမရှိခြင်း၊ ကုန်ကျစရိတ် သက်သာခြင်း၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီမှာ တဖြည်းဖြည်း စရိတ်ကြီးမြင့်လာပြီး နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုး သဘောဖြစ်လျက်ရှိရာ သဘာဝဓာတ်ငွေ့မှာ မိမိတို့ပြည်တွင်း၌ပင် လုံလုံလောက်လောက် ထုတ်ယူ သုံးစွဲနိုင်ပြီဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ (CNG) သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲမှုမှာ အချိန်အခါနှင့် အနေအထားအရ လုပ်ဆောင်ရမည့် အနေအထားဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ပြောင်းလဲအသုံးပြုခြင်းကြောင့်ရရှိမည့် အကျိုးကျေးဇူးများ၊ သဘာဝဓာတ်ငွေ့ သုံး မော်တော်ယာဉ်များသည် ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး မော်တော်ယာဉ်များထက် မတော်တဆ ဘေးအန္တရာယ်နည်းပါးမှု၊ ကုန်ကျစရိတ်သက်သာမှု၊ အင်ဂျင်တာရှည်သုံးစွဲနိုင်မှု စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး ယာဉ်များကို သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲသုံးစွဲမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ကမ်းလွန်)ဦးမြင့်ဌေးက သဘာဝ ဓာတ်ငွေ့သုံး မော်တော်ယာဉ်များနှင့်သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ တိုးတက်တည်ဆောက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မိမိတို့အနေဖြင့် သဘာဝဓာတ်ငွေ့ကို မော်တော်ယာဉ်များ၌ တပ်ဆင်သုံးစွဲရန် နည်းပညာကို ၁၉၈၆ ခုနှစ်ကပင် ရရှိခဲ့ကြောင်း၊ ချောက်၊ ရေနံချောင်းနှင့် သမိုင်း၊ အင်းစိန်တို့တွင် ဓာတ်ငွေ့ အရောင်းဆိုင်များ စမ်းသပ်ဖွင့်လှစ် အသုံးပြုခဲ့ကြောင်း၊ ယခုအခါ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းမှာ တဖြည်းဖြည်း မြင့်တက်လာလျက်ရှိကြောင်း၊ ဆီဈေးနှုန်းမြင့်တက်မှုကြောင့် နိုင်ငံတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်လာကြောင်း။

မိမိတို့နိုင်ငံတွင် သုံးမကုန်သည့် သဘာဝဓာတ်ငွေ့များ ထွက်ရှိလျက်ရှိကြောင်း၊သဘာဝဓာတ်ငွေ့အရောင်းဆိုင် တစ်ဆိုင်လျှင် စက်ကိရိယာပိုင်းအနေဖြင့် ဒေါ်လာငါးသိန်းခွဲခန့် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံရကြောင်း၊ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကြောင့် ၁၉၈၆ ခုနှစ်က ရရှိထားသော နည်းပညာကို ယခုပြန်လည် အကောင်အထည်ဖော်ပြီး ပလိပ်မြို့၌ စတင် စမ်းသပ်သုံးစွဲခဲ့ရာ ခရီးသည်များလည်း ဈေးနှုန်းတစ်ဝက် သက်သာပြီး ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း အကျိုးရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ဓာတ်ငွေ့အိုးများ ထုတ်လုပ်မည်ဆိုပါက စွမ်းအင် ဝန်ကြီးဌာန၏ သုံးစွဲခွင့်ပြုချက် ရရှိမှသာ ထုတ်လုပ်သုံးစွဲခွင့် ရှိမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် မရမ်းကုန်းမြို့နယ် အင်းလျားကန် ဟိုတယ်လမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁)မော်တော်ယာဉ် ထုတ်လုပ်မှု စက်ရုံသို့သွားရောက်ကြပြီး အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံမှ ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် စက်အစိတ်အပိုင်းများနှင့် (CNG) သဘာဝဓာတ်ငွေ့သုံး Model 4D32 အင်ဂျင်နှင့် မော်တော်ယာဉ်များကို ကြည့်ရှုလေ့လာကြရာ အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှု စက်ရုံမှ အထွေထွေမန်နေဂျာ ဦးလှိုင်သိန်းက ရှင်းလင်းပြသသည်။

ယင်းနောက် အလုံမြို့နယ် ကမ်းနားလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်သို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များတွင် သဘာဝဓာတ်ငွေ့ ဖြည့်သွင်းမှု၊ ကွန်ပရက်ဆာစက်နှင့် သဘာဝဓာတ်ငွေ့ သိုလှောင်အိုးများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်တို့က ရှင်းလင်း ပြောကြားကြသည်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြာနီကန်အုပ်စု ကိုယ့်အားကိုယ်ကိုး စပါးခွံဓာတ်ငွေ့သုံး ကျေးလက်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ တယ်လီဖုန်း၊ စာကြည့်တိုက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးဖွင့်ပွဲတွင် စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးရာ မြန်မာ့တီထွင်သူများ သမဝါယမ အသင်းဥက္ကဋ္ဌ ဦးစိုးတင့်အောင်က ရှင်းလင်းတင်ပြစဉ်။ (သမဝါယမ)

ပေါင်းတည်မြို့နယ် ကြာနီကန်အုပ်စု စပါးခွံဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြာနီကန်အုပ်စု ကိုယ့်အားကိုယ်ကိုး စပါးခွံဓာတ်ငွေ့သုံး ကျေးလက် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ တယ်လီဖုန်း၊ စာကြည့်တိုက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ကြာနီကန်အုပ်စု၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ကိုယ်စား ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ထွန်းအေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကြာနီကန်အုပ်စု၌ စပါးခွံ ဓာတ်ငွေ့သုံး ကျေးရွာ လျှပ်စစ်မီးပေးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေကို ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီ ဥက္ကဋ္ဌ၊ ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က ရှင်းလင်းတင်ပြပြီး ကြာနီကန်အုပ်စု ကျေးရွာသားများကိုယ်စား ကျေးရွာ ဥက္ကဋ္ဌ ဦးမောင်ညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်၊ ကြာနီကန်ဖွံ့ဖြိုးရေး ကျေးရွာစာကြည့်တိုက်၊ စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက်နှင့် ကျေးရွာတယ်လီဖုန်း ဆက်သွယ်ရေးစခန်းတို့ကို ပြည်ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့် တယ်လီဖုန်း ဆက်သွယ်ရေးစခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ စပါးခွံဓာတ်ငွေ့သုံး ကျေးရွာ လျှပ်စစ်ဓာတ်အားပေးစက်နှင့် စပ်လျဉ်း၍ မြန်မာ့တီထွင်သူများ သမဝါယမအသင်း ဥက္ကဋ္ဌ ဦးစိုးတင့်အောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြာနီကန်အုပ်စု စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်မှာ မြန်မာ့တီထွင်သူများ သမဝါယမအသင်းက တီထွင် တည်ဆောက်ပေးခြင်းဖြစ်ပြီး လျှပ်စစ်မီးပေးရေးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဘက်ထရီအားသွင်းလုပ်ငန်းနှင့် ဗီဒီယိုပြသခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး အိမ်ခြေ ၄၀၀၊ တီဗွီ အလုံး ၁၀၀၊ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ တွဲဖက်အထကနှင့် မူလတန်းကျောင်း လေးကျောင်း၊ ရပ်ကွက်ရုံး၊ ကြာနီကန် ဖွံ့ဖြိုးရေး စာကြည့်တိုက်၊တယ်လီဖုန်း ဆက်သွယ်ရေးစခန်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် လမ်းမီးများ ထွန်းလင်းပေးထားသည်။

ကြာနီကန်တယ်လီဖုန်း ဆက်သွယ်ရေးစခန်းမှာ လိုင်း ၅၀ ပါဝင်ပြီး ကြာနီကန်အုပ်စုမှ ပြည်တွင်းသာမက ပြည်ပသို့ပါ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။ (သမဝါယမ)

ရန်ကုန်ပညာရေးတက္ကသိုလ်မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်ပညာရေးတက္ကသိုလ် ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့) နံနက် ၈ နာရီတွင် တက္ကသိုလ်များ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဒေါ်ထူးထူးအောင် (ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေး တက္ကသိုလ်) ဖုန်း–၅၀၄၇၇၂၊ ဒေါ်စုစုလှိုင် (ညွှန်ကြားရေးမှူး၊ ပြင်ပသင်တန်း/ဆရာအတတ်သင်) ဖုန်း–၅၅၇၅၁၉၊ ဦးဝင်းကို [ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)] ဖုန်း–၅၀၃၁၄၇၊ ဦးအုန်းမြင့် (ကျောင်းအုပ်ကြီး–ငြိမ်း) ဖုန်း– ၀၉–၈၀–၂၄၁၉၄၊ ဦးလှဝင်းအောင် (ဒုတိယညွှန်ကြားရေးမှူးဦးစီး–၂) ဖုန်း– ၀၂–၃၉၂၂၈၊ ဦးစောဝင်း (လ/ထညွှန်ကြားရေးမှူး ဦးစီး–၂)၊ ဦးတင်လှိုင် (ဦးစီးအရာရှိ ဦးစီး–၃) ဖုန်း–၂၁၂၉၆၉၊ ဦးသက်နိုင် (ဦးစီးအရာရှိ ဦးစီး–၃) ဖုန်း–၂၁၂၉၆၉၊ ဦးကြည်သန်း (ဦးစီးအရာရှိ ဦးစီး–၃) ဖုန်း–၂၁၂၉၆၉၊ ဒေါ်ကြူကြူရွှေ (မြို့နယ်ပညာရေးမှူး ဗဟန်း) ဖုန်း–၅၅၇၄၅၁၊ ဒေါ်ခင်စန်းမြင့် (ကျောင်းအုပ်ကြီး အထက–၂ တာမွေ) ဖုန်း–၅၄၂၃၁၇ နှင့် ဦးရှိန်းလိန်းအောင် (ကျောင်းအုပ်ကြီး အထက–၁ မရမ်းကုန်း) ဖုန်း–၆၆၀၅၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကိုကိုးကျွန်းမြို့နယ်သည်ပညာရေး၊ကျန်းမာရေး၊စီးပွားရေး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက် ဝန်ထမ်းများမိမိတို့မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ဇန်နဝါရီ ၁၃ရက် မွန်းလွဲ ၁၂နာရီခွဲ တွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတ ဆိပ်ခံတံတား ကမ်းရိုးတန်းခရီးစဉ် အစည်အဝေးခန်းမ၌ ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင် ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်၍ အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများအား ပံ့ပိုးငွေ ပေးအပ်ချီးမြှင့်စဉ်။ (ရ–က–တ)

အခမ်းအနားသို့ အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်မောင်ကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန် ထမ်းဆောင်ကြမည့်ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယခု အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများသည် မကြာမီအချိန်အတွင်း မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဟားခါးသင်္ဘောဖြင့် ကိုကိုးကျွန်းမြို့နယ်သို့သွားရောက်တာဝန် ထမ်းဆောင်ကြရမှာဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်အနက် အဝေးဆုံးမြို့နယ်ဖြစ်ကြောင်း၊ မြို့ပြနှင့်အလှမ်းကွာဝေးသော်လည်း မြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာဟချက် နည်းနိုင်သမျှနည်းစေရေးအတွက်တာဝန်ရှိသူများကအဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယခုအခါ ကိုကိုးကျွန်းမြို့နယ်သည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ဘက်စုံ၊ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် မိမိတို့ တာဝန်ရှိသူများက ကိုကိုးကျွန်းမြို့နယ်သို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ပြောပလောက်သည့် ပျက်စီးမှုလုံးဝမရှိသည်ကိုစစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ ယခု သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် မိမိမြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြတ်ကျော်က တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအား ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်း ၁၇၃ ဦးအတွက် ပံ့ပိုးငွေကျပ် ၂၅၉၅၀၀၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်း ၂၇ ဦးအတွက် ပံ့ပိုးငွေကျပ် ၅၄၀၀၀နှင့် ခရီးသည်များအတွက်ငွေကျပ် ၆၉၀၀၀ စုစုပေါင်း ငွေကျပ် ၃၈၂၅၀၀ကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန် နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲ များကို ကျင်းပပေးမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် “ခေတ်မီဘက်စုံတည်ဆောက်ရေး”နှင့် “ရှုချင်စဖွယ်အမျိုးသားယဉ်ကျေးမှု”ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ် တစ်မျိုးလျှင်လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ၊ ၁၂လက်မနှင့်အထက် အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်ဖြစ်ပြီး ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption)ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်ဖြစ်သည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၅ ခုနှစ် မတ် ၂၇ရက်တွင် ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင်ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ တိုင်း၊တပ်မဌာနချုပ်များ၌ ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း (ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအမှတ် (၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ၁၄ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ် အမက(၄၁) ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက ပထမတန်းမှ မသီရိသက်ပန်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က–ပ)

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး စိန်ဖူးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်၊ ရွှေထီးတော်အသစ် တင်လှူပူဇော်မည် စေတီတော်ကြီး၏ ကိုယ်လုံးတော်အပြည့် ရွှေစင်သက်န်း ကပ်လှူပူဇော်မည်

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ နာဂဒတ္တမထေရ် သီတင်းသုံးတော်မူသောကြောင့် နာဂဒတ္တတောင်ဟု အမည်တော်ရှိခဲ့သော တောင်ထွတ်ပေါ်၌ မြန်မာသက္ကရာဇ် ၆၇၄ ခုနှစ်တွင် ဝိဇယပူရမည်သော ပင်းယမြို့ကို တည်ထောင်သော တစ်စီးရှင် သီဟသူမင်းလက်ထက် အမတ်ကြီး ဦးပုည တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်လေသည်။ ပင်းယတည် တစ်စီးရှင် သီဟသူသည် ပုဂံ၏ နောက်ဆုံးမင်းကျော်စွာ၏ မိဖုရားကြီးဖွားစောထံမှ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော် ခုနစ်ဆူ ရရှိခဲ့လေသည်။ သီဟသူ၏ ပင်းယမြို့သစ် နန်းသစ်ဖွင့်ပွဲတွင် ပုဂံ (ပြုဂါမ်)၏ နောက်ဆုံးမင်း နရသီဟပတိမင်း၏ မိဖုရားကြီးက အနော်ရထာမင်းကြီးလက်ထက်မှစ၍ မင်းခုနစ်ဆက် နန်းစဉ်ကိုးကွယ်ခဲ့သော သရီရဓာတ်တော် ခုနစ်ဆူကို သီဟသူအား လက်ဆောင်ပေးအပ်ခဲ့လေရာ ထိုဓာတ်တော်များကို ပုညအမတ်က သူ၏ စေတီတော်တွင် ဌာပနာခဲ့လေသည်။ ပင်းယ တစ်စီးရှင်သီဟသူ၏သားတော် ဇေယျပူရတိုင်း စစ်ကိုင်းတည် (၆၇၇) အသေင်္ခယာစောယွန်းက နန်းစဉ်ဓာတ်တော်များ ထည့်သွင်းဌာပနာခဲ့ရာ ပုညစေတီတော်ကို ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသီတင်းစဉ် ဆွမ်းတော်ကြီးတင်ဘုရားပွဲများကို သီတင်းကျွတ်လပြည့်အထိ တင်လှူပူဇော်ခဲ့ရာ ပုညစေတီတော်ကြီးမှာ ဆွမ်းတော်ပွဲတစ်ပွဲကို ဦးစွာအလှူခံရရှိတော်မူသဖြင့် ဆွမ်းဦးပုညရှင်ဟု အမည်တော်တွင်ခဲ့လေသည်။ သက္ကရာဇ် ၆၇၄ နှစ်တွင် တည်ထားခဲ့သော ဆွမ်းဦးပုညရှင် စေတီတော်သည် နှစ်ပေါင်း ၈၉၂နှစ် သက်တော်ရှည်ခဲ့ပြီဖြစ်သည်။ ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသည့်အတွက် ထီးတော်ကြီး အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်း၊ စေတီတော်ကြီး၏အထက်ပိုင်း အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်းတို့ကြောင့် စေတီတော်ကြီးကို မွမ်းမံပြုပြင်ရန် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ အသစ်တင်လှူရန်လိုအပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအခါ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ ပါဝင်ပူးပေါင်း၍ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဦးဆောင်လျက် စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအသစ် တင်လှူပူဇော်ရန် အခြေခံလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုနှစ် တပို့တွဲလပြည့်နေ့၌ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်း စတင်ကပ်လှူရန်နှင့် တပေါင်းလပြည့်နေ့၌ ရွှေထီးတော်အသစ်တင်လှူရန် လျာထားဆောင်ရွက်နေကြပြီဖြစ်ပါသည်။

အခွင့်ကောင်းကို ချောင်းကြည့်နေကြသည့် အလှူရှင်အပေါင်းတို့–

(၁) ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ ဖုန်း–၀၇၂–၂၁၅၄၄

(၂) သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ ပြန်ကြားရေးဌာန ဖုန်း–၀၇၂–၂၁၆၁၁

(၃) သီတဂူဆရာတော်၊ ရန်ကုန်သီတဂူဓမ္မရိပ်သာ ဖုန်း–၀၁–၅၅၈၅၅၈

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စေတီလေးပါး တစ်ပါးပါးကိုပူဇော်ခြင်းသည် အသက်ထင်ရှားမြတ်ဘုရားအား ပူဇော်သည်နှင့်တူ၏။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။

မြန်မာပီဂျီအေဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltdက အဓိကကူညီပံ့ပိုးသည့် ၂၀၀၄–၂၀၀၅ ခုနှစ် Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် MGFဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈နာရီတွင် ပဲခူးမြို့ရှိ ဟံသာဝတီ ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့ ၁၈ ကျင်းကစား အပြီး၌ Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင် (Srixon)က သတ်မှတ်ရိုက်ချက်ထက်

MYANMAR GOLF TOUR

နှစ်ချက်လျှော့ ရိုက်ပြီး ၇၆+၇၀+၇၀ စုစုပေါင်း ၂၁၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မင်းနိုင် (Srixon) က ၇၂+၇၃+၇၂နှင့် ဇော်ပိုင်ဦး (Srixon)က ၇၄+၇၀+၇၃ စုစုပေါင်း ၂၁၇ချက် စီဖြင့် ဒုတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်က ၇၅+၇၄+၇၂စုစုပေါင်း ၂၂၁ချက်နှင့် နေလင်းထွန်းက ၇၀+၇၈+၇၃ စုစုပေါင်း ၂၂၁ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဇော်ဇင်ဝင်းက ၇၄+၇၆+၇၂ စုစုပေါင်း ၂၂၂ချက်ဖြင့် ဒုတိယ လိုက်နေသည်။

အမျိုးသမီး Handicap (သုညမှ ၁၈)ချက်ရှိသူများ၏ ဒုတိယနေ့(၁၈) ကျင်းပြိုင်ပွဲအပြီး၌ ခင်သူသူက Nett Total(၆၉+၆၉)၁၃၈ချက်ဖြင့်ဦးဆောင် ကစားလျက်ရှိကာ အေးအေးဆန်းက Nett Total (၇၂+၇၀) ၁၄၂ချက်ဖြင့် ဒုတိယ၊ ထိုက်ထိုက်က Nett Total (၇၂+၇၁) ၁၄၃ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Air Mandalay၊ Myanmar Brewery Ltd၊ Alpine Purified Drinking Water၊ K.M Golf Centre ၊ Maruman၊ Tour Stage၊ Wilson၊ Srixon၊ Grandslam (Munsing Wear)၊ ACCEL International Co., Ltd၊ (canon)၊ Sun Far Travel and Tour၊ Pan-West (Myanmar)၊ KASCO၊ Ping၊ Eastern-Pro, (Pro-Shop) ဆိုင်များနှင့် Hanthawaddy Golf and Country Club တို့က အသီးသီးထပ်မံ၍ ကူညီပံ့ပိုးကြကာ ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

၂၀၀၄–၂၀၀၅ခုနှစ် Myanmar PGA နှင့် MGF ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲအမျိုးသားအပျော်တမ်းပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲ၌ ဦးဆောင်ကစားလျက် ရှိသော သိန်းဇော်မြင့် ယှဉ်ပြိုင် ကစားစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

အဖိုးတန်ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ် နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုးရေး ကျောက်မျက်လုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိရန် ကြိုးပမ်း နိုင်ငံတကာအသိအမှတ်ပြုကျောက်မျက်ရတနာဈေးကွက် ခိုင်မာဖြစ်ထွန်းရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ သတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီး၊ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဝင်ငွေရှာဖွေ ပေးနေသည့် ဝန်ကြီးဌာနများ အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖြစ်တည်နေသည့် မြေပေါ်မြေအောက်သယံဇာတများစွာကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်သည်နှင့်အမျှ နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍ စသည့် ကဏ္ဍများအတွက် အထောက်အကူဖြစ်စေသည့် အဖိုးတန် သတ္တုများ၊ ရွှေငွေ၊ကျောက်စိမ်း၊နီလာ၊ပတ္တမြားစသည့် အဖိုးတန် ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ်ပြီး နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျောက်မျက်ရတနာ လုပ်ငန်းမှ ဝင်ငွေ ပိုမိုတိုးတက် ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ကျောက်မျက်ရတနာနှင့် သတ္တုတူးဖော်ရာတွင်လည်း နိုင်ငံတော်၏ သဘာဝသစ်တောမပျက်ယွင်းစေရေးနှင့်မြစ်၊ချောင်းများ တိမ်ကောပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သွားရေး ကိုလည်း အလေးဂရုပြု ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

ထို့ပြင်မြန်မာနိုင်ငံသည် အဖိုးတန် ကျောက်မျက်ရတနာများ ထွက်ရှိရာ ပင်ရင်းဒေသဖြစ်သည်နှင့်အညီ နိုင်ငံ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ်(၀၀၄) (ကျိုက္ကလို့)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြစဉ်။

(သတင်းစဉ်)

တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

စင်ကာပူနိုင်ငံ၌ ကျင်းပမည့် တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် စင်ကာပူ ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားဘောလုံးအသင်းတို့၏ ယှဉ်ပြိုင် ကစားကြပုံများကို ဇန်နဝါရီ ၁၆ရက် ညနေ ၅နာရီ မိနစ်၅၀အချိန်မှ စတင်၍ မြန်မာ့ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ်(၀၀၄)(ကျိုက္ကလို့) ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၄)(ကျိုက္ကလို့) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဒွေးက မော်တော်ယာဉ်သုံး

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✧